# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် ကြာသပတေးနေ့။ Thursday, 28 May 2026 ၁၂၁၉၂


# ကျောင်းအပ်နှံရေးသီတင်းပတ်

(၂၅-၅-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့ထိ)

"နိုင်ငံ့အနာဂတ်လှပဖို့ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံကြပါစို့"

- ❖ ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများအား ချင်းပြည်နယ် တီးတိန်မြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၂၇

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ချင်းပြည်နယ်ရှိ ဖလမ်း၊ တီးတိန်နှင့် တွန်းဇံဒေသတို့ကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အဆိုပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လုပ်ငန်းကဏ္ဍများအလိုက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရသည့် ဆေးရုံများ၊ စာသင်ကျောင်းများ၊ အစိုးရရုံး ဌာနများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအား အမြန်ဆုံးပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဘိလပ်မြေ၊ သွပ်၊ သွပ်ရိုက်သံ အစရှိသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် ဒေသခံပြည်သူများအတွက် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများနှင့် ကျန်းမာရေးသုံး ပစ္စည်းများကို မေ ၂၅ ရက်တွင် နေပြည်တော်နှင့် မန္တလေးမြို့တို့မှ တပ်မတော်လေယာဉ်များဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ကလေးမြို့သို့ရောက်ရှိနေသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို တီးတိန်မြို့သို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်စဉ်။

## ယနေ့ ဖတ်စရာ


ပြည်သူ့ဘဝ လုံခြုံရေးကို အာမခံမည့် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေး ဥပဒေသစ်
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်
စာမျက်နှာ » ၉

ငြိမ်းချမ်းရေးပန်းခင်းထဲမှာ ပညာအလင်းရောင် ထွန်းညှိကြပါစို့
ဆောင်းပါး စာမျက်နှာ » ၁၁


## မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၂၇

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင် အမှတ်(၉)အဆန်/အမှတ်(၁၀)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ ထပ်မံတိုးချဲ့ပြေးဆွဲမည်

စာမျက်နှာ » ၅



ကြေးမုံ

# နိုင်ငံတော်သမိုင်းကြောင်းကိုသတိချပ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေးကြိုးပမ်း

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ ဖြတ်သန်းလာခဲ့သည့် သမိုင်းကြောင်းတစ်လျှောက်၌ နိုင်ငံရေးပဋိပက္ခဖြစ်စဉ်အမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ ခေတ်အဆက်ဆက်အစိုးရများနှင့် တစ်ခုတည်းသော ခိုင်ခိုင်မာမာဖွဲ့စည်းထားသည့် တပ်မတော်အနေဖြင့် တိုင်းပြည်အပေါ်ကျရောက်လာမည့် အန္တရာယ်အမျိုးမျိုးတို့ကို တွန်းလှန်ဖယ်ရှားကာကွယ်ခဲ့ရသည်။ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် နိုင်ငံရေးလှိုင်းဂယက်အမျိုးမျိုးကို ကြုံတွေ့ခဲ့ကြပြီးဖြစ်သည်။ ဖြစ်ပေါ်ခဲ့သောအခြေအနေများကို သင်ခန်းစာယူ၍ တိုင်းပြည်တိုးတက်ကောင်းမွန်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို မေ ၂၆ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က "မိမိတို့အနေဖြင့် အတိတ်တွင် ဖြစ်ပေါ်ခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ်တွင် သင်ခန်းစာယူ၍ နောင်အနာဂတ်တွင် ထိုကဲ့သို့သောဖြစ်ရပ်မျိုး ဖြစ်ပေါ်လာခြင်းမရှိစေရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ရမည်၊ စီးပွားရေးအရ အားကောင်းအောင် ဆောင်ရွက်ရမည်၊ လုံခြုံရေးအရ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း" သုံးသပ်ပြောကြားသွားခဲ့သည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းအနှစ်ချုပ်ကို ပြန်လည်လေ့လာကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ယနေ့အချိန်ကာလအထိ ပြည်တွင်းနိုင်ငံရေးအခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးအခြေအနေများကို အကြောင်းခံ၍ ဖြစ်ပေါ်လာခဲ့သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားနည်းချက်ကိုအကြောင်းပြု၍ ပြည်နယ်များခွဲထွက်ခွင့်ဖြစ်ပေါ်လာရာမှ နိုင်ငံရေးပဋိပက္ခများ ကြီးမားကျယ်ပြန့်လာခဲ့သည်။ အာဏာရပါတီအတွင်း၌လည်း အုပ်စုကွဲများဖြစ်ပေါ်လာခြင်းသည် ညီညွတ်မှုပျက်ပြားစေသောအကြောင်းဖြစ်လာခဲ့သည်။ နိုင်ငံရေး၊ လုံခြုံရေး တည်ငြိမ်မှုမရှိခဲ့သောကြောင့် တပ်မတော်သည် ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်ကို ထိန်းသိမ်းတာဝန်ယူခဲ့သည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆိုရှယ်လစ်စီးပွားရေးမူဝါဒဖော်ဆောင်ခဲ့ရာ တိုင်းပြည်စီးပွားရေးကျပ်တည်းခက်ခဲမှုများ ဖြစ်ပေါ်ခဲ့ရသည်။ ထိုအချိန်ကာလများတွင် နိုင်ငံရေးဦးဆောင်သူများ၊ လူငယ်များ၊ တပ်မတော်မှတာဝန်ရှိသူများအားလုံးတွင် ဆိုရှယ်လစ်အသိများရှိထားကြပြီးဖြစ်သည်။ ထိုအချိန်တွင် ဒီမိုကရေစီစနစ်၊ အရင်းရှင်စနစ်၊ လစ်ဘရယ်စနစ် ကြိုက်သူများအနေဖြင့် နိုင်ငံရေးထွက်ပေါက်မရှိသဖြင့် ဆူပူအုံကြွဆန္ဒပြမှုများ မကြာခဏဖန်တီးခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ စီးပွားရေးမတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့ပြီး တစ်ချိန်တည်း၌ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ကြီးထွားလာခဲ့သည်။ ထိုအချိန်၌ ကမ္ဘာပေါ်တွင် နိုင်ငံရေးလမ်းစဉ်များနှင့်ပတ်သက်၍ အားပြိုင်မှုပြင်းထန်နေသောအချိန်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် NGO၊ INGO များသည် နိုင်ငံအတွင်းသို့ဝင်ရောက်လာခဲ့ပြီး ပြည်ပနိုင်ငံများ၏ အထောက်အပံ့များကိုရယူခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတစ်ဝန်းလုံး ဆူပူအုံကြွမှုများဖြစ်ခဲ့ပြီးနောက် တပ်မတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်နှင့် ဒီမိုကရေစီစနစ်ကို စတင်လမ်းခင်းပုံဖော်ပေးခဲ့သည်။ ဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်ချိန်၌ အနောက်အင်အားကြီးနိုင်ငံများနှင့် အဖွဲ့အစည်းများက နိုင်ငံတော်တည်ငြိမ်မှုမရှိစေရေး အတိတ်ဖြစ်ရပ်များကို ပြန်လည်လှုံ့ဆော်ပေးသလို ၎င်းတို့အလိုကျပုံသွင်းနိုင်မည့် အစိုးရတစ်ရပ်ပေါ်ပေါက်လာရေး ဦးတည်ဆောက်ရွက်ခဲ့သည်။ ထိုအချိန်တွင် NGO၊ INGO များအနေဖြင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်လာခဲ့ပြီး ပြည်တွင်းရေး၌ ဝင်ရောက်စွက်ဖက်လာကြသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရာတွင် နိုင်ငံတကာဖိအားများဖြင့်လည်းကောင်း၊ သံတမန်ရေးနည်းလမ်းများဖြင့်လည်းကောင်း၊ NGO၊ INGO အဖွဲ့အစည်းများ ဝင်ရောက်စွက်မှုများဖြင့်လည်းကောင်း နယ်ပယ်ကဏ္ဍအသီးသီးတွင် အချိန်ယူဝင်ရောက်ထိုးဖောက်လာခဲ့သည်။ တစ်ဖက်တွင် ပြည်တွင်းနိုင်ငံရေးနှင့် ပြည်သူများကြား၌ စိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်လာအောင် ပြည်တွင်းမီဒီယာများကို စည်းရုံးလှုံ့ဆော်ပေးပြီး ပြည်ပအခြေစိုက် ပြည်ဖျက်မီဒီယာများဖြင့် အချိန်ပြည့် ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်။ ၎င်းတို့နှင့် အပေါင်းပါများကို အားပေးကူညီပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ စိတ်ဝမ်းကွဲပြားအောင်၊ အင်အားချည့်နဲ့အောင် တစိုက်မတ်မတ် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏သမိုင်းကြောင်းကို သေချာစွာလေ့လာသုံးသပ်ပြီး ဖြစ်ပေါ်ခဲ့ရသည်များကို သင်ခန်းစာယူ၍ နောင်တွင် ထိုသို့မဖြစ်ပွားရေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေးတို့အတွက် အဖျက်အမှောင့်အနှောင့်အယှက်မှန်သမျှကို အထူးသတိချပ် ကာကွယ်ကြရမည်ဖြစ်ပါကြောင်း။ ။

## သံအမတ်ကြီး ဦးထွန်းအောင်ကျော် အား နီကာရာဂွါသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးထွန်းအောင်ကျော် အား နီကာရာဂွါသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **သတင်းစဉ်**

## (၂၇-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၉~၃၆၆၉ | ၅၅၈.၁~၅၅၈.၇ | ၁၂၅.၆~၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၈၂၃,၈၄၇.၃၃ | - | ၁၃,၇၄၁,၈၂၁.၈၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့်ဆေးဝါး ကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ ဓာတ်မြေဩဇာ၊ ကတ္တရာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍ ဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၅၀ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၂၁ သန်းကို လည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃,၅၂၉.၈၅ ကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၂၇**

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

## ၂၇ - ၅ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၇ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၆,၅၀၀ | ၁၆,၅၀၀ | ၃၉၅ | ၆,၅၃၀,၀၀၀ |
| MTSH | ၇,၅၀၀ | ၇,၈၀၀ | ၅,၈၁၂ | ၄၄,၃၇၇,၃၀၀ |
| MCB | ၁၀,၅၀၀ | ၁၀,၅၀၀ | ၇၁၁ | ၇,၄၆၅,၅၀၀ |
| FPB | ၅,၁၀၀ | ၅,၂၀၀ | ၉,၂၄၂ | ၄၈,၁၅၆,၉၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၄၄၉ | ၁,၄၈၁,၇၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၃,၇၈၀ | ၆,၆၁၅,၀၀၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၇၃၃ | ၂,၈၉၅,၃၅၀ |
| MAEX | ၄,၆၀၀ | ၄,၆၀၀ | ၃,၉၃၁ | ၁၈,၀၈၂,၆၀၀ |
| MADPL(PLB) | ၄,၉၀၀ | ၅,၁၀၀ | ၇၆၆ | ၃,၈၀၄,၂၀၀ |
| ASPGB(PLB) | ၃၉,၅၀၀ | ၄၀,၀၀၀ | ၅၅ | ၂,၁၈၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| စာတည်းမှူး | - အေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| စာတည်းများ | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | သုတေသန | - ဇင်မာဝင့် |
| | | စာပြင် | - ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | - အောင်ကျော်ကျော်၊ စိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - နီလာစိုးနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



☆ ရှေ့ဖုံးမှ

အဆိုပါကလေးမြို့သို့ရောက်ရှိနေသည့်နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့်ပြန်လည်ထူထောင်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို မေ ၂၆ ရက်တွင် ကလေးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဖလမ်းမြို့သို့ ပို့ဆောင်ပေးခဲ့သည်။

ယနေ့တွင်လည်း ကလေးမြို့တွင် ရောက်ရှိနေပြီး တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ ပို့ဆောင်ရန် ကျန်ရှိသော နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ သွပ်၊ သံများနှင့် လူသုံးကုန်ပစ္စည်းများကို ကလေးမြို့မှတစ်ဆင့် တီးတိန်မြို့နှင့် တွန်းဇံမြို့များသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့ရာ ညနေပိုင်းတွင် တီးတိန်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ကုန်ပစ္စည်းများအား သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဒေသခံပြည်သူများ၏ လက်ဝယ်အရောက် ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ တွန်းဇံမြို့သို့ ပို့ဆောင်ရန်ကျန်ရှိသည့် ကုန်ပစ္စည်းများကို ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသ၏ လိုအပ်ချက်အပေါ်မူတည်ပြီး ဖြည့်ဆည်းပေးနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြန်လည်ထူထောင်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ သယ်ဆောင်လာသည့် မော်တော်ယာဉ် တီးတိန်မြို့သို့ ရောက်ရှိလာစဉ်။

## ခိုင်ကမ်းမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုး သားဖောက်နည်းပညာပေးသင်တန်းဖွင့်

**ခိုင်ကမ်း မေ ၂၇**

ချင်းပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးမွေးမြူသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးတက်စေရန်ရည်ရွယ်ပြီး အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းပညာပေးသင်တန်းကို ခိုင်ကမ်းမြို့ ပြည်နယ်ငါးလုပ်ငန်းစခန်း(ခိုင်ကမ်း)၌ မေ ၁၈ ရက်က ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ငါးမွေးတောင်သူများ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ငါးမွေးမြူခြင်းနည်းပညာများ သိရှိနားလည်စေရန်၊ ကိုယ်တိုင်လက်တွေ့သားဖောက်မွေးမြူထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး ပြည်နယ်ငါးလုပ်ငန်းစခန်း(ခိုင်ကမ်း)မှ စခန်းတာဝန်ခံ ဦးကျော်လှိုင်ဝင်းက မြို့နယ်အတွင်းရှိ ငါးမွေးမြူသူ ၂၀ အား စာတွေ့လက်တွေ့ နှစ်ရက် သင်ကြားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေကို ကြည့်ရှုပြီး အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်



**ဟားခါး မေ ၂၇**

ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ ဒုတိယဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေးနှင့် ပြည်ထောင်စု ဝန်ကြီးဌာနများမှ ကော်မတီဝင်တို့သည် ယနေ့နံနက်ပိုင်းတွင် ဟားခါးမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ဖလမ်းမြို့သို့ ရောက်ရှိကြပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖလမ်းမြို့ ဖာရ်ထောက်ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေ၊ ဆောက်လုပ်ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကျင်းပရာ ဒုတိယဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဖလမ်းမြို့ ဒေသခံပြည်သူများနှင့် အစိုးရဝန်ထမ်းများအတွက် အဓိက လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ ဆိုလာစနစ်ဖြင့် မီးရရှိတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဖလမ်းမြို့ ပြန်လည် ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် အားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ဒုတိယဝန်ကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ပြန်လည်တည်ဆောက်ရေးပစ္စည်းများဖြစ်သည့် သွပ်၊ သံ၊ ဘိလပ်မြေနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အိမ်ထောင်စု ၇၃ စုအတွက် ကယ်ဆယ်ရေး ပစ္စည်းများ၊ နှစ်ပတ်စာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိအတွက် ငွေကျပ် ၆၂၅၀၈၆၀ ကို ထောက်ပံ့ပေးအပ်ရာ ဒေသခံပြည်သူများကိုယ်စား မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းရယ်မြို့နယ်၌ နွေစပါးစိုက်တောင်သူများအား စက်သုံးဆီများ ဖြန့်ဖြူးရောင်းချ

**မိုင်းရယ် မေ ၂၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့ပူးပေါင်း၍ မြို့နယ်အတွင်းရှိ နွေစပါးစိုက်တောင်သူများအား စက်သုံးဆီများ လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချခြင်းအခမ်းအနားကို ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာန၌ ပြုလုပ်သည်။

စက်သုံးဆီများဖြန့်ဖြူးရောင်းချရာတွင် နွေစပါးစိုက်တောင်သူများအား စက်သုံးဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ထုတ်ယူရန်စလစ်နှင့် ဆေးဖျန်းဝတ်စုံများကို ပေးအပ်သည်။

ထို့နောက် မြို့မရပ်ကွက်(၁)(၂)(၃)၊ နားဖျိုင်းကျေးရွာအုပ်စုနှင့် နားခိုကျေးရွာအုပ်စုတို့မှ နွေစပါးစိုက်တောင်သူများအား ၄၄ ဧကအတွက် စက်သုံးဆီ ၄၄ ဂါလန်ကို ဖြန့်ဖြူးရောင်းချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင် သာယာဝတီမြို့၌ ရွေးကောက်ပွဲ အရာရှိများနှင့်တွေ့ဆုံ

**သာယာဝတီ မေ ၂၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်သည် သာယာဝတီမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးဟောင်း၌ ထိန်းသိမ်းထားရှိသော မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အရာရှိများနှင့် တွေ့ဆုံပွဲကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ထိန်းသိမ်းထားရှိသော မဲပေးစက်နှင့် ဆက်စပ်ပစ္စည်းများ စနစ်တကျထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အရာရှိများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။




**သန့်ဇော်(ပြန်/ဆက်)**

## အင်္ဂပူမြို့နယ်၌ အသိပညာပေးဟောပြော

**အင်္ဂပူ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်တွင် သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ကွင်းကောက်ဘိနယ်သစ်တောစခန်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ် ဦးမျိုးအောင်က သစ်တောသစ်ပင်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တရားမဝင်သစ်ထုတ်မှုလျော့နည်းပပျောက်ရေး၊ မီးခိုးမြူငွေ့လျော့ချရေး၊ ရေချွေတာသုံးစွဲရေး၊ တောင်ယာများ ခုတ်ထွင်မီးရှို့မှု မပြုလုပ်ရေးနှင့် တောဆင်ရိုင်းအန္တရာယ်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသူများက သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး လူမှုဖူလုံရေးအဖွဲ့မှ လှည်းကူးမြို့နယ် လူမှုဖူလုံရေးအကျိုးဝင်အာမခံအလုပ်သမားများနှင့် ၎င်းတို့၏သားသမီးများအား ကွင်းဆင်းဆေးကုသမှုနှင့် G&F (Myanmar) Garment Co., Ltd. အထည်ချုပ်စက်ရုံအလုပ်သမားများအား တွေ့ဆုံအားပေး

ရန်ကုန် မေ ၂၇

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် လှည်းကူးမြို့နယ် လူမှုဖူလုံရေးအကျိုးဝင်အာမခံအလုပ်သမားများ၏ သားသမီး ၁၀၀၀ အားဖွင့်လှစ်သင်ကြားပေးနေသော ယဉ်ကျေးလိမ္မာသင်တန်း၌ ရွေ့လျားဆေးကုသရေးအဖွဲ့ဖြင့် ကွင်းဆင်းဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ရွေ့လျားဆေးကုသရေးအဖွဲ့မှ အထူးကုဆရာဝန်ကြီး သုံးဦး၊ လက်ထောက်ဆရာဝန် ခုနစ်ဦး အပါအဝင် ဆေးဘက်ဆိုင်ရာဝန်ထမ်း ၂၅ ဦးတို့ဖြင့် လူမှုဖူလုံရေး အကျိုးဝင်အာမခံအလုပ်သမားများနှင့် ၎င်းတို့၏သားသမီးများအား ကျန်းမာရေးစမ်းသပ်စစ်ဆေးခြင်း၊ နောက်ဆက်တွဲရောဂါများဖြစ်ပွားမှုနည်းပါးစေရန် လိုက်နာရမည့် ကျန်းမာရေးဆိုင်ရာအမူအကျင့်များ အသိပေးပြောကြားခြင်းနှင့် ဆေးဝါးများ ထောက်ပံ့ခြင်းတို့ ဆောင်ရွက်ပေးသည်။

### လိုက်လံကြည့်ရှုအားပေး

ထို့နောက် လှည်းကူးမြို့နယ်ရှိ G&F (Myanmar) Garment Co., Ltd. အထည်ချုပ်စက်ရုံသို့ သွားရောက်၍ လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းစွာဖြင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အုတ်စက်ရုံနှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းသည် ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိမြို့နယ် မင်းကုန်းကျေးရွာအနီးရှိ နေပြည်တော်အုတ်စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် အုတ်အရည်အသွေး ပြည့်မီ ကောင်းမွန်စေရန်၊ ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်မပျက်တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားပြီး စက်ရုံ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်သည်။



ထို့နောက် ဇမ္ဗူသီရိမြို့နယ် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဆေးရုံရှိ ခွဲစိတ်ခွဲဌာန၊ ခွဲစိတ်မှန်ဌာန၊ ခွဲစိတ်ရောင်ခြည် ကင်ဆာကုသမှုဌာနနှင့် လျှပ်ကြောင့် အနီးရောင်အဆင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပေါက်ခေါင်းမြို့နယ်၌ စိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

ပေါက်ခေါင်း မေ ၂၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးခြင်းနှင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ပေါက်ခေါင်းဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်သီသီလှိုင်က ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးခြင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထူးအောင်နှင့် ပေါက်ခေါင်းမြို့နယ် ဘဏ်ခွဲမန်နေဂျာ ဒေါ်သီသီလှိုင်တို့က စိုက်ပျိုးစရိတ်ချေးငွေများကို သက်ဆိုင်ရာတောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**



# မြောက်ဥက္ကလာပမြို့နယ်၌ အထူးကွင်းဆင်းကုသရေးအဖွဲ့က ကွင်းဆင်းကုသ

ရန်ကုန် မေ ၂၇

ကျန်းမာရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာကျော်သူရ ဦးဆောင်သော အထူးကွင်းဆင်းကုသရေးအဖွဲ့မှ အထူးကုဆရာဝန်များသည် မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်နှင့် အနီးတစ်ဝိုက်ရှိ မိဘပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသပေးသည်။



ထိုသို့ ကွင်းဆင်းကုသရာသို့ ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ လာရောက်အားပေးကြည့်ရှုကြပြီး မြို့နယ်နှင့် ရပ်ကွက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ကြက်ခြေနီအသင်းနှင့် ပရဟိတအကျိုးဆောင်အဖွဲ့များက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ကြသည်။

ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် အထွေထွေရောဂါလူနာ ၂၈၃ ဦး၊ ဆီးချိုနှင့်ဟော်မုန်းဆိုင်ရာလူနာ ၈၀၊ အရေပြားဆိုင်ရာလူနာ ၃၄ ဦး၊ မျက်စိရောဂါလူနာ ၁၇၃ ဦး၊ သွားနှင့် ခံတွင်းရောဂါလူနာ ၄၃ ဦး စုစုပေါင်း ၆၁၃ ဦးအားစစ်ဆေးကုသပေးခဲ့ပြီး သွေးအမျိုးအစားခွဲခြားမှု ၈၂ ဦး၊ ဆီးချို သွေးချိုဖောက် စစ်ဆေးမှု ၁၇၅ ဦး၊ နှလုံး ECG ဆွဲသူ ၄၂ ဦးနှင့် ဆေးရုံကြီးသို့ ညွှန်းပို့လူနာ ၄၉ ဦးတို့အား ညွှန်းပို့ပေးခဲ့ပြီး လိုအပ်သောဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တန့်ယန်းမြို့နယ်၌ ကွန်ကရစ်လမ်းများ ကြည့်ရှုစစ်ဆေး

တန့်ယန်း မေ ၂၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပြီးစီးခဲ့သော နောင်စန့်ကျေးရွာနှင့် ဟိုမန်းကျေးရွာတို့မှ ကွန်ကရစ်လမ်းများကို ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ဦးစီးမှူး ဦးဇေယျာညီသည် ခရိုင်နှင့် မြို့နယ်တို့မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော နောင်စန့်ကျေးရွာနှင့် ဟိုမန်းကျေးရွာတို့မှ ကွန်ကရစ်လမ်းနှစ်လမ်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မင်းလွင်ဦး(တန့်ယန်း)**



# ပုသိမ်ကြီးမြို့နယ်၌ အခွန်ဆိုင်ရာသိကောင်းစရာ ရှင်းလင်းဟောပြောပွဲ ကျင်းပ

ပုသိမ်ကြီး မေ ၂၇

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ယမန်နေ့နံနက်ပိုင်းက ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှ ကျင်းပသော အခွန်ဆိုင်ရာသိကောင်းစရာ ပညာပေးရှင်းလင်းဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွန်းအောင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မော်မော်ခိုင်က အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တွင် အမှတ်(၉)အဆန်/အမှတ်(၁၀)အစုန်လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားများ ထပ်မံတိုးချဲ့ပြေးဆွဲမည်

**နေပြည်တော် မေ ၂၇**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေး အတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ် အဖြစ် အမှတ်(၃)အဆန်/ အမှတ်(၄)အစုန်နှင့် အမှတ်(၅) အဆန်/ အမှတ်(၆)အစုန် လေအေးပေး စက်ပါခေတ်မီ DEMU လူစီးအမြန်ရထားများအား ၂၀၂၆ ခုနှစ် မေလအတွင်း စတင်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်များကြိုက်နှစ်သက်၍ စီးနင်းမှုများ သောကြောင့် အမှတ်(၉)အဆန်/အမှတ်(၁၀)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား အား ၂၀၂၆ ခုနှစ် ဇွန်လ ၁ ရက်မှ စတင်၍ အောက်ပါ အချိန်ဇယားအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ် သည်-

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၉)အဆန် | ရန်ကုန် | မန္တလေး | ၀၈:၃၀ | ၁၈:၃၀ | (၁၀)နာရီ |
| ၂ | အမှတ်(၁၀)အစုန် | မန္တလေး | ရန်ကုန် | ၀၈:၃၀ | ၁၈:၄၀ | (၁၀)နာရီ(၁၀)မိနစ် |

အထက်ပါ တိုးချဲ့ပြေးဆွဲမည့် အမှတ်(၉)အဆန်/ အမှတ် (၁၀) အစုန်ရထားသည် ရန်ကုန်-မန္တလေး- ရန်ကုန်ခရီးစဉ်တစ်လျှောက်တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ တပ်ကုန်း၊ ပျော်ဘွယ်၊ သာစည် ဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်ပြီး လက်မှတ်ခန့်မှန်းထားမှာ ယခင်အတိုင်း ခရီးစဉ် အစအဆုံး အထက်တန်း ကျပ် ၄၈၀၀၀နှင့် ပထမတန်း ကျပ် ၃၄၀၀၀ တို့ ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်း အထက် ဖော်ပြပါ လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီး အမြန်ရထားများအပြင် လေအေးပေးစက်ပါ အထက်တန်းလူစီးတွဲ နှစ်တွဲပါရှိသော လေအိတ် ရထားဖြစ်သည့် အမှတ် (၁၁) အဆန်/အမှတ် (၁၂) အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်ရထားများ ပြေးဆွဲလျက်ရှိပြီး ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ်အား လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန် ရထားများဖြစ်သော အမှတ် (၇) အဆန်/ အမှတ် (၈) အစုန်နှင့် အမှတ် (၂၁) အဆန်/အမှတ် (၂၂) အစုန်ရထားများ ပြေးဆွဲပေးလျက်ရှိသည်။

အဆိုပါရထားများ၏ ထိုင်ခုံလက်မှတ်များအား Online Railways Ticketing and Payment (ORTP) စနစ်တွင် အွန်လိုင်းမှ ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်ပြီး



ခရီးစဉ်အစအဆုံးဘူတာများအတွက် ၇ ရက်နှင့်ကြား ဘူတာများအတွက် ၅ ရက် ကြိုတင်ဝယ်ယူနိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရန်ကုန်-မန္တလေး လမ်းပိုင်းအတွင်း ပဲခူး-ရန်ကုန်-ပဲခူး ခရီးစဉ်အဖြစ် လေအေးပေးစက်ပါ ခေတ်မီ DEMU ရထားဖြစ်သည့် အမှတ် (၁၅) အဆန်/ အမှတ် (၁၆) အစုန်ရထားနှင့် RBE ခရီးတို ရထားများ ဖြစ်သော မန္တလေး-သာစည်-မန္တလေးခရီးစဉ်အဖြစ် အမှတ် (သ-၃၀၁) အဆန်/(သ-၃၀၂) အစုန်၊ သာစည် - နေပြည်တော်-သာစည် ခရီးစဉ်အဖြစ် အမှတ် (သ-၄၀၁) အဆန်/(သ-၄၀၂) အစုန်၊ နေပြည်တော်-တောင်ငူ-နေပြည်တော် ခရီးစဉ်အဖြစ် အမှတ် (သ-၅၀၁) အဆန်/(သ-၅၀၂) အစုန်နှင့် တောင်ငူ- ပဲခူး-တောင်ငူ ခရီးစဉ်အဖြစ် အမှတ် (သ-၆၀၁) အဆန်/(သ-၆၀၂) အစုန် ရထားများအား ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရ သည်။

**သတင်းစဉ်**

## အောင်လံမြို့နယ်၌ သီးနှံမျိုးစေ့များ ပေးအပ်

**အောင်လံ မေ ၂၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် သီးနှံမျိုးစေ့များ ပေးအပ်ပွဲနှင့် ချည်မျှင်ရှည်ဝါတိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား ဝါမျိုးစေ့များ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက အောင်လံမြို့ တောင်သူပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်လံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး အောင်လံမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှအောင်က မျိုးကောင်းမျိုးသန့်များ ပေးရခြင်း ရည်ရွယ်ချက်နှင့် စိုက်ပျိုး ရေးဆိုင်ရာ နည်းပညာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက အောင်လံမြို့နယ်အတွင်းရှိကျေးရွာအုပ်စုပေါင်း ၂၈ အုပ်စုမှ တောင်သူပေါင်း ၈၃၅ ဦးအတွက် ဝါမျိုးစေ့နှင့် သီးနှံမျိုးစေ့များ ပေးအပ် သည်။

အောင်လံမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရန် လျာထားဧက ၃၂၉၆၅ ဧကရှိပြီး ယင်းအနက် ဝါသီးနှံကို ၃၄၃၃၇ ဧက စိုက်ပျိုးရန် လျာထားကာ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဝါသီးနှံ ၃၄၃၃၇ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်၍ ယခု ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ဝါသီးနှံ ဧက ၂၃၀၀ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**



## မြန်မာ - တရုတ် နှစ်နိုင်ငံ ပြန်ကြားရေးဆိုင်ရာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၂၇**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ် ကွန်မြူနစ်ပါတီဗဟိုကော်မတီ ပြန်ကြား ရေးဌာန၏ ဒုတိယအကြီးအကဲနှင့် အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြား အုပ်ချုပ်မှုဆိုင်ရာဝန်ကြီး မစ္စ ချောင်ရှုမင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီး ဌာနစုပေါင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန် ရှိသူများ တက်ရောက်ကြပြီး ကိုယ်စားလှယ် အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား တက်ရောက်သည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ယဉ်ကျေးမှုဖလှယ်နိုင်ရေးနှင့် ပြည်သူများ အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုမြှင့်တင် နိုင်ရေး၊ မှတ်တမ်းရုပ်ရှင်နှင့် ဇာတ်လမ်းတွဲ များ ပူးပေါင်းရိုက်ကူးနိုင်ရေး၊ လူငယ်နှင့် နည်းပညာဆိုင်ရာကဏ္ဍ ပူးပေါင်းတီထွင် ဖန်တီးမှုများ ဖလှယ်နိုင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချွန် လွှာများ လက်မှတ်ရေးထိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် မစ္စ ချောင်ရှုမင်းနှင့် အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း နှင့်အတူ နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ပြီး မြန်မာ - တရုတ် နှစ်နိုင်ငံ မီဒီယာ ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်း ဓာတ်ပုံများနှင့် ပျော်ရွှင်လေ့လာတရုတ်စာ သင်ခန်းစာ အသံသွင်းမှုကိုလည်းကောင်း၊ Vitual Studio တွင် မြန်မာ - တရုတ် ချစ်ကြည်ရေး တေးသီချင်း ရိုက်ကူးမှုကို လည်းကောင်း၊ News Channel Studio တွင် သတင်းထုတ်လွှင့်မှုကိုလည်းကောင်း၊ Audiotorium ခန်းမတွင် တရုတ် - မြန်မာ ချစ်ကြည်ရေးအဖြစ် ရှမ်းပဲပုပ်သီချင်း အား မြန်မာ - တရုတ် နှစ်ဘာသာဖြင့် သီဆိုလေ့ကျင့်နေမှုကို လည်းကောင်း၊ စိန်ရတုပြတိုက်အတွင်းတွင် လည်း ကောင်း လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းက နေပြည်တော် Horizon Lake View Resort ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းနှင့် မစ္စ ချောင်ရှုမင်း ဦးဆောင်သည့် တရုတ် ကိုယ်စားလှယ်အဖွဲ့ တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လှည့်လည် ကြည့်ရှုစဉ်။

## ဟုမ္မလင်းမြို့နယ်၌ ဝက်သားပေါက်နှင့် တိုင်းရင်းကြက်ဖြန့်ဖြူးခြင်း နည်းပညာပေးသင်တန်း ပြုလုပ်

**ဟုမ္မလင်း မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၌ စုပေါင်းစံပြ ဝက်မွေးမြူရေးလုပ်ငန်းနှင့် တိုင်းရင်းကြက်မွေးမြူရေးလုပ်ငန်း တည်ထောင်ရန်အတွက် ဝက်သားပေါက်နှင့် တိုင်းရင်းကြက်ဖြန့်ဖြူးခြင်း နှင့် နည်းပညာပေးသင်တန်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီ က ဟုမ္မလင်းမြို့နယ် အမက(ခွဲ) စွယ်ကြာပေါ်ကျေးရွာ၌ ပြုလုပ် သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ခင်စန္ဒာဝင်းက ကျန်းမာသန့်ရှင်းသော မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန် မွေးမြူရေးလုပ်ငန်းမှတစ်ဆင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဝက်သားပေါက် နှင့် တိုင်းရင်းကြက်ဖြန့်ဖြူးပေးခြင်း အခမ်းအနားကို ကျင်းပရခြင်းဖြစ် ကြောင်း ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသောမွေးမြူရေး တောင်သူများအား ဝက်သားပေါက်ကောင် ၃၀ နှင့် တိုင်းရင်းကြက် အကောင် ၃၀၀ ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက လက်ဝယ်ပေးအပ်ခဲ့သည်။

ထို့နောက် ဝက်မွေးမြူခြင်း၊ တိုင်းရင်းကြက်မွေးမြူခြင်းတို့နှင့် ပတ်သက်၍ နည်းပညာပေးသင်တန်းပို့ချခဲ့ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

# ပြည်သူ့ဘဝလုံခြုံရေးကို အာမခံမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေသစ်

ဝေယံလူ

ယနေ့ခေတ်ကာလမှာ နည်းပညာတွေ အရှိန်အဟုန်နဲ့ တိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့တစ်ဦးချင်းစီရဲ့ နေ့စဉ်လူမှုစီးပွားဘဝတွေအပြင် ကမ္ဘာကြီးတစ်ခုလုံးရဲ့ လည်ပတ်မှုစနစ်တွေအထိ အင်တာနက်နဲ့ ဒစ်ဂျစ်တယ်ကွန်ရက်တွေအပေါ်မှာ အပြည့်အဝ မှီခိုနေရတဲ့အခြေအနေကို ရောက်ရှိလာနေပါတယ်။ နည်းပညာရဲ့တိုးတက်မှုကနေ လျင်မြန်မှု၊ အဆင်ပြေလွယ်ကူမှု စတဲ့အကျိုးကျေးဇူးကောင်းတွေ အများကြီးရရှိလာပေမယ့်လည်း တစ်ဖက်မှာတော့ မလိုလားအပ်တဲ့ နောက်ဆက်တွဲပြဿနာတွေ၊ အန္တရာယ်တွေက ဒွန်တွဲပြီး ပေါ်ပေါက်လာခဲ့ပါတယ်။ အဲဒီအန္တရာယ်တွေထဲမှာမှ အဆိုးရွားဆုံးနဲ့ အများဆုံးကြုံတွေ့နေရတာကတော့ အွန်လိုင်းကနေတစ်ဆင့် လိမ်လည်လှည့်ဖြားတဲ့ ဆိုက်ဘာလိမ်လည်မှုတွေ(Cyber Scams)ပဲ ဖြစ်ပါတယ်။

အခုဆိုရင် ဒီလိုအွန်လိုင်းလိမ်လည်မှုတွေဟာ သာမန်ပြဿနာအဆင့်ကနေ ကျော်လွန်သွားပြီး ကမ္ဘာတစ်ဝန်းလုံးမှာ အမြန်ဆုံးကူးစက်ပြန့်ပွားနေတဲ့ ကပ်ရောဂါဆိုးကြီးတစ်ခုလိုမျိုး အလွန်ဆိုးရွားစွာ ဖြစ်ပေါ်လာနေတာကို တွေ့ရပါတယ်။ ဒီဆိုက်ဘာရာဇဝတ်ကောင်တွေဟာ ပြည်သူလူထုရဲ့ နိစ္စဓူဝ ပင်ပန်းဆင်းရဲစွာ ရှာဖွေစုဆောင်းထားရတဲ့ ချွေးနဲ့စာငွေကြေးတွေကို မသမာတဲ့နည်းလမ်းပေါင်းစုံနဲ့ လိမ်လည်ယူငင်နေကြရုံသာမကဘဲ ပြည်သူတွေရဲ့ အေးချမ်းတဲ့လူမှုစီးပွားဘဝတွေနဲ့ အသက်အန္တရာယ်ကိုပါ ပြိုလဲသွားအောင် ကြီးမားစွာ ခြိမ်းခြောက်ဖျက်ဆီးလာနေပြီဖြစ်ပါတယ်။

ဒီလိုမျိုးပြည်သူတွေအနေနဲ့ အွန်လိုင်းပေါ်မှာ ငွေလိမ်ခံရပြီး နစ်နာဆုံးရှုံးနေရတဲ့ ဆိုးရွားတဲ့ အခြေအနေတွေကို နိုင်ငံတော်အစိုးရအနေနဲ့ ဘယ်လိုမှလျစ်လျူရှုပြီး လက်ပိုက်ကြည့်နေနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်လည်း ပြည်သူတွေ ထပ်မံမနစ်နာရအောင်နဲ့ အွန်လိုင်းပေါ်မှာ လုံခြုံစိတ်ချရအောင် နိုင်ငံတကာအဆင့်မီခိုင်မာတဲ့ ကာကွယ်တားဆီးရေးယန္တရားတစ်ခုကို အချိန်နှောင့်နှေးကြန့်ကြာမှုလုံးဝမရှိစေဘဲ အမြန်ဆုံးနဲ့ အထိရောက်ဆုံးဖြစ်အောင် အထူးဦးစားပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။

ဒီလိုမျိုး ပြည်သူလူထုရဲ့အကျိုးစီးပွားကို အမှန်တကယ်အလေးထားပြီး ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတဲ့ သက်သေတစ်ခုအနေနဲ့ **“အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ”** ဆိုတဲ့ ဥပဒေသစ်တစ်ခုကို မူကြမ်းရေးဆွဲခဲ့တာ ဖြစ်ပါတယ်။ အဲဒီဥပဒေကြမ်းကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာနိုင်ဖို့အတွက် ၂၀၂၆ ခုနှစ် မေလ ၁၄ ရက်နေ့မှာ နိုင်ငံပိုင်သတင်းစာတွေ၊ မီဒီယာတွေကနေ အများပြည်သူသိအောင် တရားဝင်မိတ်ဆက်ထုတ်ပြန်ပေးခဲ့ပြီပဲ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီဥပဒေကြမ်းထဲမှာ ဘာတွေပါဝင်သလဲဆိုတာကို ကြိုတင်ဖတ်ရှုလေ့လာပြီး အကျိုးရှိမယ့်အကြံဉာဏ်တွေနဲ့ သဘောထားမှတ်ချက်တွေကို ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်တွေဆီ လိပ်မူပေးပို့နိုင်အောင် အစိုးရအနေနဲ့ ပွင့်လင်းမြင်သာမှုရှိရှိ ကြိုတင်အသိပေးထားပြီးဖြစ်ပါတယ်။

**ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ရန်ကနေ အပြည့်အဝကာကွယ်ပေးနိုင်**

တကယ်တော့ ဒီလိုအွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေကြီး ပေါ်ထွက်လာမယ်ဆိုရင် ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ပိုင်ဆိုင်မှုတွေကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ ရန်ကနေ အပြည့်အဝကာကွယ်ပေးနိုင်ဖို့အတွက် အများကြီး အထောက်အကူ ဖြစ်စေပါတယ်။ ဒါ့အပြင် ဒါဟာ ကမ္ဘာ့နိုင်ငံတွေအလယ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အင်တာနက်နဲ့ ဒစ်ဂျစ်တယ်လုံခြုံရေးစနစ် အဆင့်အတန်းဟာ ဘယ်လောက်အထိ ခိုင်မာအားကောင်းနေပြီလဲဆိုတာကို ပြသနိုင်မယ့် အလွန်ကို အရေးပါပြီး သမိုင်းဝင်လှတဲ့ ခြေလှမ်းသစ်တစ်ရပ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။

ဒီဥပဒေကြမ်းထဲမှာ ရေးဆွဲပြဋ္ဌာန်းထားတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို သေချာဂရုတစိုက် လေ့လာကြည့်မယ်ဆိုရင် ပြည်သူတွေအနေနဲ့ နေ့စဉ်အသုံးပြုနေတဲ့ အွန်လိုင်းငွေပေးချေမှုစနစ်တွေ၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေကို အသုံးပြုတဲ့အခါမှာ လိမ်လည်ခံရမလားဆိုတဲ့ စိုးရိမ်ပူပန်မှုတွေ လုံးဝမရှိတော့ဘဲ ရဲရဲဝံ့ဝံ့နဲ့ စိတ်ချလက်ချ အသုံးပြုနိုင်အောင် ဥပဒေအရ အခိုင်အမာ အကာအကွယ်ပေးထားတာပဲဖြစ်ပါတယ်။

**အစိုးရအနေနဲ့ ဒီဥပဒေကို အကောင်အထည်ဖော်တဲ့နေရာမှာ ပြစ်မှုကျူးလွန်တဲ့ လိမ်လည်သူတွေကို ပြင်းပြင်းထန်ထန် ထိရောက်စွာ အရေးယူရုံနဲ့ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ပြည်သူတွေ လိမ်လည်လှည့်ဖြားမှု ထပ်မခံရစေဖို့အတွက် ဘယ်လိုအရာတွေကို သတိထားရမယ်ဆိုတဲ့ ကြိုတင်ကာကွယ်ရေး အသိပညာပေးအစီအစဉ်တွေကိုပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။** ဒါ့အပြင် နည်းပညာပိုင်းဆိုင်ရာမှာလည်း လိမ်လည်သူတွေ ဝင်ရောက်မလာနိုင်အောင် အစိုးရကိုယ်တိုင်က အနီးကပ်ကြီးကြပ်ပြီး တားဆီးပိတ်ဆို့မှုတွေ လုပ်ဆောင်သွားမယ့် အစီအမံကောင်းတွေ အများကြီးပါဝင်နေတဲ့အတွက် ဒီဥပဒေသစ်ကြီးဟာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အပြည့်အဝကာကွယ်ပေးမယ့် တကယ့်ကိုစစ်မှန်တဲ့ “ဒစ်ဂျစ်တယ်အမိုးအကာ” တစ်ခု အသေအချာကို ဖြစ်လာတော့မှာပဲဖြစ်ပါတယ်။

> **ဥပဒေဆိုတာ ပြစ်မှုဖြစ်မှ အရေးယူဖို့ထက် ကြိုတင်ကာကွယ်ဖို့က ပိုအရေးကြီးတဲ့အတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေကြမ်းရဲ့ အခန်း(၇)မှာ ပြည်သူတွေရဲ့ ငွေကြေးတွေကို ဆိုက်ဘာရာဇဝတ်ကောင်တွေ မခိုးယူနိုင်အောင် ခိုင်မာတဲ့ကြိုတင်ကာကွယ်ရေးအစီအမံတွေ အထူးထည့်သွင်းထားပါတယ်။ ဥပမာအားဖြင့် Mobile Pay အကောင့်ဖွင့်ရာမှာ မှတ်ပုံတင်မူရင်းနဲ့ တိတိကျကျ စစ်ဆေးစေတာ၊ သံသယဖြစ်ဖွယ် ငွေလွှဲမှုတွေကို ဘဏ်တွေကနေ ဗဟိုဌာနဆီကို ချက်ချင်းသတင်းပို့စေတာမျိုးတွေ လုပ်ဆောင်စေမှာပါ။ အဓိကအားဖြင့် လိမ်လည်သူတွေ လက်နက်သဖွယ် သုံးလေ့ရှိတဲ့ တရားမဝင်ဆင်းကတ်၊ ဆင်းဘောက်စ်(SIM Box)တွေနဲ့ အကောင့်တုတွေကို စနစ်တကျ ပြတ်ပြတ်သားသား ပိတ်ဆို့သွားမှာဖြစ်လို့ ရာဇဝတ်ကောင်တွေအနေနဲ့ ခြေရာဖျောက်ဖို့ အလွန်ခက်ခဲသွားမှာပဲဖြစ်**

**ရာဇဝတ်ကောင်တွေအနေနဲ့ ခြေရာဖျောက်ဖို့ အလွန်ခက်ခဲသွားမှာပဲဖြစ်**

ဥပဒေဆိုတာ ပြစ်မှုဖြစ်မှ အရေးယူဖို့ထက် ကြိုတင်ကာကွယ်ဖို့က ပိုအရေးကြီးတဲ့အတွက် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းရဲ့ အခန်း(၇)မှာ ပြည်သူတွေရဲ့ ငွေကြေးတွေကို ဆိုက်ဘာရာဇဝတ်ကောင်တွေ မခိုးယူနိုင်အောင် ခိုင်မာတဲ့ကြိုတင်ကာကွယ်ရေးအစီအမံတွေ အထူးထည့်သွင်းထားပါတယ်။ ဥပမာအားဖြင့် Mobile Pay အကောင့်ဖွင့်ရာမှာ မှတ်ပုံတင်မူရင်းနဲ့ တိတိကျကျ စစ်ဆေးစေတာ၊ သံသယဖြစ်ဖွယ် ငွေလွှဲမှုတွေကို ဘဏ်တွေကနေ ဗဟိုဌာနဆီကို ချက်ချင်းသတင်းပို့စေတာမျိုးတွေ လုပ်ဆောင်စေမှာပါ။ အဓိကအားဖြင့် လိမ်လည်သူတွေ လက်နက်သဖွယ်သုံးလေ့ရှိတဲ့ တရားမဝင်ဆင်းကတ်၊ ဆင်းဘောက်စ်(SIM Box)တွေနဲ့ အကောင့်တုတွေကို စနစ်တကျ ပြတ်ပြတ်သားသား ပိတ်ဆို့သွားမှာဖြစ်လို့ ရာဇဝတ်ကောင်တွေအနေနဲ့ ခြေရာဖျောက်ဖို့ အလွန်ခက်ခဲသွားမှာပဲဖြစ်ပါတယ်။

ဒါဟာ ပြည်သူတွေနေ့စဉ်အသုံးပြုနေတဲ့ နိုင်ငံရဲ့ အွန်လိုင်းစနစ်တစ်ခုလုံးကို အညစ်အကြေးကင်းစင်ပြီး သန့်စင်သွားအောင် လုပ်ဆောင်ပေးမယ့် နိုင်ငံတော်အကြီးအကဲရဲ့ ကြီးမားကျယ်ပြန့်လှတဲ့ အမြော်အမြင်နဲ့ ပြည်သူ့အပေါ်ထားရှိတဲ့ စေတနာကို အထင်အရှားတွေ့မြင်ရခြင်းလည်း ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူလူထုရဲ့ ချွေးနဲ့စာတွေ မဆုံးရှုံးစေဖို့အတွက် စောင့်ကြည့်တားဆီးခြင်းအပိုင်းမှာလည်း နိုင်ငံတော်ဗဟိုဘဏ်လုပ်ငန်းတွေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေကို ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာ ချိတ်ဆက်ပူးပေါင်းစေခဲ့ပါတယ်။ ဒီလိုအချိတ်အဆက်မိမိနဲ့ ပူးပေါင်းဆောင်ရွက်စေတဲ့အတွက်ကြောင့် မသင်္ကာစရာ၊ သံသယဖြစ်ဖွယ်ကောင်းတဲ့ ငွေကြေးစီးဆင်းမှုတွေအပြင် ပြည်သူတွေကို လှည့်ဖြားလိမ်လည်နေတဲ့ ဖုန်းခေါ်ဆိုမှုတွေနဲ့ စာတို(SMS)တွေ ပေးပို့တာတွေကိုပါ လမ်းခုလတ်မှာတင် စနစ်တကျ အချိန်နဲ့တစ်ပြေးညီစောင့်ကြည့်ပြီး ထိထိရောက်ရောက် တားဆီးဟန့်တားပေးသွားတော့မှာ ဖြစ်ပါတယ်။

**ယခင်ကရှိခဲ့တဲ့ ဟာကွက် အားနည်းချက်တွေ အားလုံးကို အလုံးစုံချေဖျက်**

ဆိုက်ဘာလိမ်လည်မှုတွေကို အမြစ်ပြတ်တိုက်ဖျက်နှိမ်နင်းရာမှာ အရင်ကတည်းက ကျွန်တော်တို့အတွက် အဓိကအဟန့်အတားကြီးတစ်ခုဖြစ်နေခဲ့တာကတော့ သက်ဆိုင်ရာအစိုးရဌာနတွေနဲ့ ပုဂ္ဂလိကအဖွဲ့အစည်းတွေအကြားမှာ သတင်းအချက်အလက်စီးဆင်းမှုနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေ နှောင့်နှေးကြန့်ကြာနေတာပဲဖြစ်ပါတယ်။ အခုအသစ်ရေးဆွဲထားတဲ့ ဥပဒေကြမ်းရဲ့ အခန်း(၈) **“သတင်းအချက်အလက်ဖလှယ်ခြင်း”** ကဏ္ဍဟာဆိုရင် အဲဒီလိုယခင်ကရှိခဲ့တဲ့ ဟာကွက် အားနည်းချက်တွေအားလုံးကို အလုံးစုံချေဖျက်ပေးလိုက်မယ့် အရေးကြီးဆုံး အခန်းတစ်ခန်းဖြစ်လာမှာပါ။

လက်တွေ့မြေပြင်မှာဆိုရင် လိမ်လည်သူ ဆိုက်ဘာရာဇဝတ်ကောင်တွေဟာ သူတို့ရဲ့ကွန်ရက်တွေကို စက္ကန့်နဲ့အမျှ အမြဲတမ်းပြောင်းလဲလှည့်စားပြီး ပြစ်မှုတွေကို လျင်လျင်မြန်မြန် ကျူးလွန်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအခြေအနေမျိုးမှာ အစိုးရဌာနတွေ၊ ဘဏ်နဲ့ ငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်းတွေ၊ အီလက်ထရောနစ်ငွေပေးချေမှု ဝန်ဆောင်မှုပေးသူတွေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေ၊ အင်တာနက်ဝန်ဆောင်မှုပေးသူတွေ အားလုံးကြားမှာ သံသယဖြစ်ဖွယ်အကောင့်တွေနဲ့ ငွေကြေးစီးဆင်းမှု သတင်းအချက်အလက်တွေကို ဗဟိုဒေတာစနစ် (Centralized Database) ကနေ တစ်ဆင့် လျှပ်စီးလက်သလိုမြန်မြန်ဆန်ဆန်ချိတ်ဆက် အချိတ်အဆက်မိမိ အတူတကွပူးပေါင်းပြီး သတင်းအချက်အလက်တွေကို **“အနီရောင်အဆင့် အရေးပေါ်စနစ်”** (Red Alert) သဖွယ် အထူးသတ်မှတ်ကာ အပြန်အလှန် လျင်လျင်မြန်မြန် ချိတ်ဆက်ဖလှယ်ကြမှာဖြစ်ပါတယ်။

**ဖလှယ်နိုင်ခြင်းဟာ ဒီတိုက်ပွဲကို အောင်ပွဲခံနိုင်ရေးအတွက် အဓိကအကျဆုံးသော့ချက်ပဲဖြစ်ပါတယ်။**

**အရေးပေါ်ကာကွယ်ပေးမယ့်စနစ်တစ်ခုကို ဒီဥပဒေမှာ ခိုင်ခိုင်မာမာပြဋ္ဌာန်းထား**

အွန်လိုင်းလိမ်လည်မှုတစ်ခု ဖြစ်ပွားပြီဆိုတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ ပြည်သူတွေရဲ့ အဖိုးတန်လှတဲ့ငွေကြေးတွေ ဆက်လက်မဆုံးရှုံးရအောင် အရေးပေါ်ကာကွယ်ပေးမယ့်စနစ်တစ်ခုကို ဒီဥပဒေမှာ ခိုင်ခိုင်မာမာ ပြဋ္ဌာန်းထားပါတယ်။ အရင်ကလိုမျိုး ဌာနတစ်ခုနဲ့တစ်ခုကြားမှာ အချိန်ဆွဲ ကြန့်ကြာနေတာမျိုး လုံးဝမရှိစေတော့ဘဲ ပြစ်မှုဖြစ်ပွားတာကို သိသိချင်းမှာပဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဗဟိုဘဏ်၊ ပုဂ္ဂလိက ငွေရေးကြေးရေးအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေ အားလုံးဟာ

သာမန်အားဖြင့် ရာဇဝတ်ကောင်လိမ်လည်သူတွေရဲ့ထုံးစံက ပြည်သူတွေဆီကနေ လိမ်လည်လို့ရလိုက်တဲ့ ငွေကြေးတွေကို အကောင့်တစ်ခုကနေ နောက်ထပ်အကောင့်တစ်ခုဆီကို စက္ကန့်ပိုင်းအတွင်း အဆင့်ဆင့်လွှဲပြောင်းပြီး ခြေရာဖျောက်တတ်ကြပါတယ်။ ဒါပေမဲ့ အခုလိုမျိုး သက်ဆိုင်ရာဌာနပေါင်းစုံက ဗဟိုဒေတာစနစ်ကနေတစ်ဆင့် လျှပ်စီးလက်သလို အလွန်မြန်ဆန်သွက်လက်တဲ့ အချိတ်အဆက်တွေနဲ့ အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လုပ်ဆောင်လိုက်တဲ့ အတွက်ကြောင့် လိမ်လည်သူတွေအနေနဲ့ ငွေကြေးတွေကို သူတို့လိုသလို ဆက်လက်လွှဲပြောင်းခွင့် လုံးဝမရနိုင်တော့ဘဲ လမ်းခုလတ်မှာတင် ချက်ချင်းဖြတ်တောက်ဟန့်တားပစ်နိုင်မယ့် အားထားလောက်စရာ ကာကွယ်ရေးလုပ်ငန်းစဉ်ကြီးတစ်ခုကို နိုင်ငံတော်အစိုးရက ပြည်သူ့အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာပဲဖြစ်ပါတယ်။

ပိုပြီးအရေးကြီးတဲ့အချက်ကတော့ ဒီအခန်းမှာပါဝင်တဲ့ သတင်းအချက်အလက်ဖလှယ်ခြင်း လုပ်ငန်းစဉ်တွေဟာ ပြည်တွင်းမှာတင် ရပ်တန့်နေမှာမဟုတ်ပါဘူး။ နိုင်ငံတကာရဲတပ်ဖွဲ့တွေ၊ ဒေသတွင်း ဆိုက်ဘာလုံခြုံရေးဗဟိုဌာနတွေနဲ့ပါ အချိန်နဲ့တစ်ပြေးညီ လျင်လျင်မြန်မြန် ချိတ်ဆက်သတင်းဖလှယ်နိုင်ဖို့အတွက် ခိုင်မာတဲ့လမ်းကြောင်းတွေ ဖွင့်လှစ်ပေးထားပါတယ်။ **စာမျက်နှာ ၇ သို့** ❑

## ကချင်ပြည်နယ်ဝန်ကြီးချုပ် အင်ဂျန်ဒုံယာယီတိမ်းရှောင်စခန်းရှိ အိမ်ထောင်စုများအား တွေ့ဆုံထောက်ပံ့

မြစ်ကြီးနား မေ ၂၇

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့နံနက်ပိုင်းက ပလနကျေးရွာအုပ်စုနှင့် နောင်နန်းကျေးရွာအကြားရှိ လီဆူအရှေ့ကွင်းအတွင်း မိုးစပါးစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုနှင့် အဆိုပါလီဆူအရှေ့ကွင်းနှင့် အနောက်ကွင်းအတွင်းရှိ မိုးစပါးစိုက်လယ်ဧရိယာ ၉၀၀ ကျော်အတွင်း ယခုနှစ် မိုးစပါးရိတ်သိမ်းအပြီး ဆီထွက်သီးနှံ ဆီမုန်ညင်း ဧက ၁၅၀ စတင်စိုက်ပျိုးနိုင်ရေး၊ အောင်ရေရရှိရေးနှင့် ကုန်ထုတ်လမ်း ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်အတွင်း ဧရာဝတီမြစ်ရေကြီးမြင့်မှုမှ ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် တာရိုးဖို့ခြင်းလုပ်ငန်း၊ လယ်ကုန်း-ဇီးလွန်ရေပေါက်အား ယာယီပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ကမ်းတာရိုးဖို့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။




ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ တပ်ကုန်း(အင်ဂျန်ဒုံ) ရပ်ကွက်အတွင်း အင်းတော်ကြီးဒေသနန့်မွန်းမြို့မှ ယာယီတိမ်းရှောင်နေထိုင်လျက်ရှိသော အင်ဂျန်ဒုံစခန်းသို့သွားရောက်၍ အိမ်ထောင်စုများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကာ အိမ်ထောင်စုများအတွက် နေအိမ်တန်းလျား တိုးချဲ့တည်ဆောက်နိုင်ရေး ငွေကျပ်သိန်း ၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## သန်လျင်မြို့၌ တောင်သူတွေ့ဆုံပွဲ ကျင်းပ

သန်လျင် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် Rice Export Zone ဆောင်ရွက်မည့်ကုမ္ပဏီများနှင့် ဒေသခံတောင်သူတွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က စစ်ပင်ကွင်းကျေးရွာ စိုက်ပျိုးပညာပေးစခန်း၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်တို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးမျိုးမြင့်နှင့် သန်လျင်ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါက်တာ ဝင်းသန်း တို့က စိုက်ပျိုးရေးနည်းပညာများနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် သန်လျင်ခရိုင် Rice Export Zone တာဝန်ခံ ဦးသန်းထိုက်က ရှင်းလင်းဆွေးနွေးကာ တောင်သူပညာပေးပြခန်းနှင့် သဘာဝမြေသြဇာပြုလုပ်ပုံများကို တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**



---

❑ စာမျက်နှာ ၆ မှ

ဒီဥပဒေကြမ်းရဲ့ အသက်သွေးကြောလို့ တင်စားခေါ်ဝေါ်ရမယ့် အခန်း(၉) **"ငွေကြေးစီးဆင်းမှုကို ယာယီဆိုင်းငံ့ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း"** ကဏ္ဍမှာဆိုရင် ပြည်သူတွေအတွက် အလွန်အားရကျေနပ်စရာကောင်းတဲ့အချက်တွေကို ထည့်သွင်းပြဋ္ဌာန်းပေးထားပါတယ်။ အရင်ကဆိုရင် ငွေလိမ်ခံရပြီဆိုတာနဲ့ တရားရုံးလုပ်ထုံးလုပ်နည်း အဆင့်ဆင့်ကို အချိန်ကုန်ခံစောင့်ဆိုင်းနေရတဲ့အတွက် ပြည်သူတွေရဲ့ ငွေကြေးတွေဟာ လိမ်လည်သူတွေလက်ထဲကို အလွယ်တကူရောက်ရှိသွားလေ့ရှိပါတယ်။ ဒါပေမဲ့ ယခုဥပဒေသစ်မှာတော့ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခံရကြောင်း တိုင်ကြားချက်ရရှိတာနဲ့ဖြစ်စေ၊ ဒါမှမဟုတ် သံသယဖြစ်ဖွယ်ငွေကြေးလွှဲပြောင်းမှုတွေကို ဘဏ်တွေက စိစစ်တွေ့ရှိတာနဲ့ဖြစ်စေ ရှုပ်ထွေးတဲ့ လုပ်ထုံးလုပ်နည်းတွေအတိုင်း စောင့်ဆိုင်းနေစရာလုံးဝမလိုတော့ဘဲ သက်ဆိုင်ရာဘဏ်နဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေက အဆိုပါငွေစာရင်းအမှတ်ကို ၇၂ နာရီအထိ ချက်ချင်း ယာယီဆိုင်းငံ့ပိတ်သိမ်းပစ်နိုင်တဲ့အာဏာကို ဥပဒေကြောင်းအရ ခိုင်ခိုင်မာမာ အပ်နှင်းပေးလိုက်ပြီပဲ ဖြစ်ပါတယ်။

ဒ့ါအပြင် ကိုယ်တိုင်ငွေလိမ်လည်တာ မဟုတ်ပေမယ့် လိမ်လည်သူတွေ ငွေကြေးခဝါချနိုင်အောင် မိမိတို့ရဲ့ဘဏ်အကောင့်နဲ့ကတ်တွေကို အခကြေးငွေယူပြီး လွှဲပြောင်းရောင်းချပေးနေကြတဲ့ ကြားခံပွဲစားတွေ (Money Mules)ကိုပါ ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် အရေးယူအပြစ်ပေးသွားမယ့် ပြဋ္ဌာန်းချက်တွေလည်း ပါဝင်လာပါတယ်။ နိုင်ငံတော်အစိုးရရဲ့ အကြီးမားဆုံးသော မျှော်မှန်းချက်က ပြစ်မှုကျူးလွန်သူတွေကို လိုက်လံဖမ်းဆီးအရေးယူဖို့ သက်သက်သာမဟုတ်ဘဲ အခုလိုချက်ချင်းယာယီဆိုင်းငံ့ထိန်းချုပ်ထားနိုင်တဲ့ ငွေကြေးတွေကို နစ်နာသူပြည်သူလူထုရဲ့ လက်ဝယ်ဆီသို့ အမြန်ဆုံးနဲ့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်မယ့် ဥပဒေမူဘောင်တွေကိုပါ အသေးစိတ်ပြီး ပြည့်စုံစွာ ထည့်သွင်းစဉ်းစားရေးဆွဲပေးထားတာပဲဖြစ်ပါတယ်။

ဆိုက်ဘာရာဇဝတ်မှုတွေဆိုတာ နိုင်ငံတစ်ခုတည်းရဲ့ နယ်နိမိတ်ထဲမှာတင် ဖြစ်ပွားလေ့ရှိတာမဟုတ်ဘဲ နယ်စပ်ဖြတ်ကျော်ပြီး ကျူးလွန်တတ်ကြတဲ့ ပြစ်မှုကြီးတွေဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုဆန်းပြားတဲ့မှုခင်းတွေကို နိုင်ငံတစ်နိုင်ငံတည်းရဲ့ ကိုယ်ပိုင်အင်အားနဲ့သာ တိုက်ဖျက်နှိမ်နင်းဖို့ဆိုတာ ဘယ်လိုမှမလွယ်ကူနိုင်ဘူးဆိုတာကို နိုင်ငံတော်အစိုးရက အမြော်အမြင်ကြီးမားစွာနဲ့ ကြိုတင်ရှုမြင်

> ❛ သာမန်အားဖြင့် ရာဇဝတ်ကောင်လိမ်လည်သူတွေရဲ့ထုံးစံက ပြည်သူတွေဆီကနေ လိမ်လည်လို့ရလိုက်တဲ့ ငွေကြေးတွေကို အကောင့်တစ်ခုကနေ နောက်ထပ်အကောင့်တစ်ခုဆီကို စက္ကန့်ပိုင်းအတွင်း အဆင့်ဆင့်လွှဲပြောင်းပြီး ခြေရာဖျောက်တတ်ကြပါတယ်။ ဒါပေမဲ့ အခုလိုမျိုး သက်ဆိုင်ရာဌာနပေါင်းစုံက ဗဟိုဒေတာစနစ်ကနေတစ်ဆင့် လျှပ်စီးလက်သလို အလွန်မြန်ဆန်သွက်လက်တဲ့ အချိတ်အဆက်တွေနဲ့ အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်လုပ်ဆောင်လိုက်တဲ့အတွက်ကြောင့် လိမ်လည်သူတွေအနေနဲ့ ငွေကြေးတွေကို သူတို့လိုသလို ဆက်လက်လွှဲပြောင်းခွင့်လုံးဝမရနိုင်တော့ဘဲ လမ်းခုလတ်မှာတင် ချက်ချင်းဖြတ်တောက် ဟန့်တားပစ်နိုင်မယ့် အားထားလောက်စရာ ကာကွယ်ရေးလုပ်ငန်းစဉ်ကြီးတစ်ခုကို နိုင်ငံတော်အစိုးရက ပြည်သူ့အတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာပဲဖြစ် ❜

သုံးသပ်ထားပါတယ်။ ဒါကြောင့်လည်း ဒီဥပဒေကြမ်းရဲ့ အခန်း (၁၀)မှာဆိုရင် နိုင်ငံတကာစံနှုန်းတွေနဲ့အညီ အပြည်ပြည်ဆိုင်ရာရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့စတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မယ့်အချက်တွေကို ဟန်ချက်ညီညီ ပေါင်းစပ်ရေးဆွဲထားတာ ဖြစ်ပါတယ်။

**ပြည်ပနိုင်ငံတွေ၊ နိုင်ငံတကာရဲတပ်ဖွဲ့တွေ၊ နည်းပညာအဖွဲ့အစည်းတွေနဲ့ သတင်းအချက်အလက်တွေ အပြန်အလှန်ဖလှယ်ပြီး ပြစ်မှုကျူးလွန်သူတွေကို လွှဲပြောင်းရယူတာ၊ ပူးတွဲစုံစမ်းစစ်ဆေးတာတွေ လုပ်ဆောင်ကာ ဂိုဏ်းဖွဲ့လိမ်လည်နေသူတွေကို အမြစ်ပြတ်ချေမှုန်းသွားမယ်ဆိုတဲ့ အစိုးရရဲ့ ပြတ်သားတဲ့သန္နိဋ္ဌာန်ကို ကမ္ဘာသိအောင် ကြေညာလိုက်တာ ဖြစ်ပါတယ်။ ဒီလိုမျိုး နိုင်ငံတကာအသိုင်းအဝိုင်းနဲ့အတူ ဟန်ချက်ညီညီ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံဟာ တာဝန်သိစိတ်အပြည့်ရှိတဲ့ တက်ကြွလှုပ်ရှားသော အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် အခိုင်အမာရပ်တည်နေကြောင်း သက်သေပြလိုက်တာပဲ ဖြစ်ပါတယ်။**

ဒီဥပဒေကြမ်းရဲ့ အခန်း(၁၁) **"တားမြစ်ချက်များ"** အပိုင်းကို လေ့လာကြည့်မယ်ဆိုရင် ပြည်သူတွေရဲ့ လုံခြုံရေးအတွက် အလွန်အရေးပါတဲ့ တားမြစ်ချက်တွေကို တိတိကျကျ ထည့်သွင်းပြဋ္ဌာန်းထားတာကို တွေ့ရမှာဖြစ်ပါတယ်။ အဓိကအားဖြင့် အွန်လိုင်းလိမ်လည်သူတွေ အမြဲတမ်းအသုံးပြုလေ့ရှိတဲ့ ဆင်းဘောက်စ်(SIM Box)တွေ၊ သတ်မှတ်ချက်နဲ့ မကိုက်ညီတဲ့ ဂြိုဟ်တုဆက်သွယ်ရေးကိရိယာတွေနဲ့ တရားမဝင် ဆော့ဖ်ဝဲလ်နည်းပညာတွေကို ခွင့်ပြုတာ၊ လက်ဝယ်ထားရှိတာနဲ့ အသုံးပြုတာတွေကို လုံးဝပြတ်ပြတ်သားသား တားမြစ်ပိတ်ပင်ထားပါတယ်။

ဒ့ါအပြင် ပြည်သူတွေရဲ့ ကိုယ်ရေးအချက်အလက်တွေကို အလွဲသုံးစားမလုပ်နိုင်အောင် အခြားသူတစ်ယောက်ရဲ့ နာမည်၊ မှတ်ပုံတင်အချက်အလက်တွေကိုသုံးပြီး ဆင်းကတ်ဝယ်ယူတာတွေ၊ ဘဏ်အကောင့်တွေနဲ့ ဒစ်ဂျစ်တယ်ပိုက်ဆံအိတ် (Digital Wallets) တွေ ဖွင့်လှစ်တာကိုလည်း အခိုင်အမာ တားမြစ်ထားပါတယ်။ ဒီလိုတင်းကျပ်လိုက်တဲ့ တားမြစ်ချက်တွေဟာ လိမ်လည်သူတွေရဲ့ နောက်ကွယ်ကနေ အဓိကကြိုးကိုင် လှုပ်ရှားနေကြတဲ့ အကောင့်ပွဲစားတွေနဲ့ ဆင်းကတ်မှောင်ခိုသမားတွေရဲ့ လမ်းကြောင်းတွေကို အသေအချာ ပိတ်ဆို့လိုက်တာဖြစ်ပြီး ပြည်သူတွေရဲ့ အချက်အလက်လုံခြုံရေးကို အပြည့်အဝကာကွယ်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

ပိုပြီးပြည့်စုံတဲ့ကာကွယ်မှုအနေနဲ့ ဆက်သွယ်ရေးအော်ပရေတာတွေ၊ ဘဏ်နဲ့ ငွေကြေးအဖွဲ့အစည်းတွေ၊ အင်တာနက်ဝန်ဆောင်မှုပေးသူတွေ လိုက်နာရမယ့် တာဝန်ဝတ္တရားတွေကို ပြဋ္ဌာန်းထားတဲ့အပြင် လူတစ်ဦးကို မတရားသွေးဆောင်ခေါ်ဆောင်တာ၊ လုပ်အားခေါင်းပုံဖြတ်ပြီး အတင်းအဓမ္မခိုင်းစေတာတွေနဲ့ လူကုန်ကူးမှုနဲ့ပတ်သက်နေတဲ့ အွန်လိုင်းလိမ်လည်မှု ကျူးလွန်နေတာတွေကိုပါ ပြင်းပြင်းထန်ထန် တားမြစ်ထားပါတယ်။ အထူးသဖြင့် ဒီနေ့ခေတ်မှာ ခေတ်စားနေတဲ့ ဒစ်ဂျစ်တယ်ငွေကြေးလိမ်လည်မှု (Crypto Scam) တွေကိုပါ ဘယ်သူမှ ကျူးလွန်ခြင်းမပြုရဆိုပြီး ဥပဒေလမ်းကြောင်းအရ အတိအလင်း ကြိုတင်ထည့်သွင်း ပြဋ္ဌာန်းထားတာကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးမားပုံကို ထင်ရှားစွာတွေ့မြင်ရမှာ ဖြစ်ပါတယ်။

ဒီဥပဒေကြမ်းရဲ့ အခန်း (၁၂) မှာ ပြစ်မှုကျူးလွန်သူတွေကို ထိထိရောက်ရောက် အရေးယူနိုင်ဖို့ ပြစ်မှုနဲ့ ပြစ်ဒဏ်တွေကို တိတိကျကျ ရေးဆွဲပြဋ္ဌာန်းထားသလို အခန်း(၁၃) အထွေထွေအပိုင်းမှာဆိုရင်လည်း ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် ရှေ့တန်းကနေ မားမားမတ်မတ် ရပ်တည်လုပ်ဆောင်ပေးနေကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပုဂ္ဂလိကဝန်ထမ်းတွေကို ဥပဒေအရ အပြည့်အဝကာကွယ်ပေးထားတာကို တွေ့ရမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြစ်မှုတစ်ခုခုကို သံသယရှိလို့ဖြစ်စေ၊ တိုင်ကြားချက်အရဖြစ်စေ လိမ်လည်သူရဲ့ ဘဏ်ငွေစာရင်းအမှတ်ကို ယာယီဆိုင်းငံ့ပိတ်သိမ်းပေးခဲ့တဲ့ ဘဏ်နဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းက တာဝန်ရှိသူတွေကို ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ဘယ်တရားရုံးမှာမှ တရားစွဲဆိုခြင်းမခံရအောင် ဥပဒေနဲ့ အခိုင်အမာအကာအကွယ်ပေးထားတာဟာ အလွန်ပဲအားရကျေနပ်စရာ ကောင်းပါတယ်။

**နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးမားစွာ ဦးဆောင်လမ်းညွှန်မှုကြောင့် ပေါ်ပေါက်လာမယ့် "အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေ" ဟာ ပြည်သူလူထုတစ်ရပ်လုံးကို ဆိုက်ဘာရာဇဝတ်ကောင်တွေရဲ့ အန္တရာယ်ဆိုးကြီးကနေ ရေရှည်စိတ်ချယုံကြည်စွာ ကာကွယ်ပေးသွားမယ့် အလွန်ခိုင်မာအားကောင်းတဲ့ ဥပဒေအကာအကွယ်ကြီးတစ်ခု ဖြစ်လာတော့မယ်ဆိုတာ အသေအချာပါပဲ။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ဒီဥပဒေကြမ်းမှာ ပါဝင်တဲ့ အနှစ်သာရတွေကို ပိုမိုလွယ်ကူစွာ သိရှိနားလည်နိုင်စေရန်နဲ့ လိုအပ်တဲ့ အပြုသဘောဆောင်သော အကြံပြုချက်များရှိလာခဲ့ပါက လွှတ်တော်ရုံးသုံးရုံးက ညွှန်ကြားရေးမှူးချုပ်တွေဆီ တိုက်ရိုက်လိပ်မူပေးပို့နိုင်တဲ့အကြောင်း နိုင်ငံ့အကျိုးနဲ့ ပြည်သူ့အကျိုးကိုရှေးရှုလျက် လေးစားစွာ တိုက်တွန်းရေးသားတင်ပြလိုက်ရပါတယ်။ ။**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံနေမှု ကြည့်ရှုအားပေး



မုံရွာ မေ ၂၇

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၊ အောင်ချမ်းသာရပ်ကွက်ရှိအမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)များသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုနှင့် ကျောင်းသုံးပုံနှိပ် စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ အခမဲ့ ပေးဝေနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများ၊ ပညာရေးကျောင်းများနှင့် လူနေအိမ်များ ပြန်လည် တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ချောင်းဦးမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ချောင်းဦး မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်တွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဆွေဆွေဝင်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်မှ ကျောင်းသား ကျောင်းသူများအတွက် အခမဲ့ဖြန့်ဝေပေးသည့် ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများအား တက်ရောက်လာသည့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

ဝင်းမြင့်အောင်(ပြန်/ဆက်)



# မြောက်ဥက္ကလာပမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပ



ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးအခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကတို့ဖြင့် ကြိုဆိုကပြကြသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဒေါ်မို့မို့အောင်က ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်မှ ပေးအပ်သော ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် YMBA အသင်းတို့မှ ပေးအပ်သော ဗလာစာအုပ်များ၊ ကိုယ်ပိုင်ကျောင်းများမှ လှူဒါန်းသော ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပေတံများအား တာဝန်ရှိသူများက ပေးအပ်ရာ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာ ဆရာမကြီးများက လက်ခံရယူပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

# မြဝတီမြို့၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

မြဝတီ မေ ၂၇

ကရင်ပြည်နယ် မြဝတီမြို့တွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

### လက်ခံရယူ

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အမှာစကား ပြောကြားပြီး နိုင်ငံတော်မှပေးအပ်သော(အခမဲ့) ထောက်ပံ့ပစ္စည်းများနှင့် ကျောင်းအကျိုးတော်ဆောင် စေတနာရှင်များနှင့် အလှူရှင်များထံ ပေးအပ်မည့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ရာ ကျောင်းသား ကျောင်းသူများနှင့် ပံ့ပိုးကူညီခဲ့ကြသည့် ကျောင်းအကျိုးတော်ဆောင် စေတနာရှင် အလှူရှင်များက လက်ခံရယူကြသည်။

ထို့နောက် တာဝန်ရှိသူများသည် ကျောင်းအပ်နှံလက်ခံခြင်းလုပ်ငန်းများဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ် အခမ်းအနားကို မေ ၂၆ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာခန်းမတွင် ကျင်းပစဉ်။

ချစ်စုဝေ(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရွှေရတုခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ချိန်က အမှာစကား ပြောကြားစဉ်။ အာကာ(ပြန်/ဆက်)

၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး သီတင်းပတ်ကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ သတ်မှတ်ထားရှိပြီး မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သီရိမြန်မာခန်းမ၌ ကျင်းပစဉ်။

ခင်ဆွေနှင်း(ပြန်/ဆက်)





မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၆ ရက် နံနက်ပိုင်းက အထက(ပုသိမ်ကြီး)ရှိ အောင်ဇမ္ဗူခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြစဉ်။

ဇာနည်ကိုကို(ပြန်/ဆက်)

# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှု သီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေအပါအဝင် ပိတ်ရက်မရှိ သတ်မှတ်၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို မေ ၂၅ ရက် နံနက်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဆက်လက်အပ်နှံ ဆောင်ရွက်လျက်ရှိကြသည်။



**အခမဲ့ပေးအပ်**

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံ ပညာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများအား တစ်ပါတည်း ပေးအပ်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းသို့ကျောင်းအပ်နှံမှုလက်ခံဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းများ၏လုံခြုံရေး၊ လာရောက် ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာ လုံခြုံရေး တာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံလေးချောင်းနှင့်ကျောင်းဝတ်စုံတစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင် နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများတွင် အခမဲ့ပညာရေးစနစ် ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့် အခကြေးငွေမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့၌ ပြည်နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၇**

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများကို ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ အပါအဝင် ပိတ်ရက်မရှိသတ်မှတ်၍ ကျောင်းအပ်နှံမှု လက်ခံခြင်းများ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင်ပြည်နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သံလွင်ခန်းမ၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ကျောင်းသား ကျောင်းသူများအား တစ်ပါတည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဖီးကုန်းမြို့နယ်၌ မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**ဖီးကုန်း မေ ၂၇**

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ဖီးကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ဖီးကုန်း) ခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ အထက(ဖီးကုန်း)မှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် အခမ်းအနားကို သီဆိုဖွင့်လှစ်ကာ



မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံး ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဟင်္သာတမြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**ဟင်္သာတ မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ဟင်္သာတမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဟင်္သာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို ခရိုင်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများက ပေးအပ်ရာ ဆရာ ဆရာမများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျုံပျော်မြို့နယ်၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ



**ကျုံပျော် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင်၂၀၂၆-၂၀၂၇ ပညာသင်နှစ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းက အမှာစကားပြောကြားကာ မြို့နယ်ပညာရေးမှူး ဦးဆန်းဝင်းက မြို့နယ်အတွင်း ကျောင်းအပ်နှံရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ကျောင်းသုံးပုံနှိပ်စာအုပ်၊ ကျောင်းဝတ်စုံနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၇

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် ရွှေကျင်-ဘောကထနှင့် ဒေသတစ်ဝိုက်၌ နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်ကျောင်းသား ကျောင်းသူများပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏ နေ့စဉ် လူမှုစီးပွားဘဝများတွင် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် အသက်ကိုပဓာနမထားဘဲ ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉)မှ သင်တန်းသားများ ရန်ကုန်မြို့အတွင်း လေ့လာရေးများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၂၇

အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်းအမှတ်စဉ်(၉)မှ သင်တန်းသားများနှင့် နည်းပြအုပ်ချုပ်သူများသည် ရန်ကုန်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တည်းခိုနေထိုင်၍ ရန်ကုန်မြို့အတွင်း လေ့လာရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ခြင်းနှင့် ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက် (ရန်ကုန်)သို့ သွားရောက် လေ့လာခြင်းများ ဆောင်ရွက်ကြသည်။



## ကြည့်ရှုလေ့လာ

နံနက်ပိုင်းတွင် လေကြောင်းလူငယ် သင်တန်းသားများသည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် ဖူးမြော်ခဲ့ကြရာ ရင်ပြင်တော် တောင်ဘက်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းတွင် တာဝန်ရှိသူများက စေတီတော်မြတ်ကြီး၏သမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့် ဗုဒ္ဓစွယ်တော်ပွားတို့အား လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ဗုဒ္ဓပြတိုက်နှင့် ခေတ်ပုံပြခန်းတို့အား ကြည့်ရှုလေ့လာခြင်း၊ ရှေးဟောင်းကြေးဆင်းတုတော်များ၊ ခေတ်အဆက်ဆက် ဗိသုကာလက်ရာများ၊ တန်ဆောင်းအတွင်းရှိ ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်များ၌ ထုဆစ်ကိုးကွယ်ခဲ့ကြသော ဗုဒ္ဓရုပ်ပွားတော်များအား လေ့လာဖူးမြော်ခြင်းများ ဆောင်ရွက်ကြသည်။ ယင်းနောက် လေကြောင်းလူငယ် သင်တန်းသားများက စုပေါင်းအလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် လေကြောင်းလူငယ် သင်တန်းသားများသည် ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် သင်တန်းသားများသည်အာကာသပြတိုက်အတွင်းရှိ GOTO Planetarium Analog Projection System အား လေ့လာခြင်း၊ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ခရုပတ်ပုံစံပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသအတွင်းသို့ ခေတ်အဆက်ဆက် လွှတ်တင်ခဲ့ကြသည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသအတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှုသရုပ်ပြသမှုများ၊ Reentry Capsule အာကာသယာဉ်ပုံစံနှင့် VR Simulator ပုံစံတို့အား လှည့်လည် ကြည့်ရှုခြင်းများ ဆောင်ရွက်ကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ယင်းနောက် PLANETARIUM ROOM ပင်မပြခန်းဆောင်တွင် သိပ္ပံပညာနှင့် အာကာသဆိုင်ရာ ရှာဖွေတွေ့ရှိချက် များစွာကို အသက်ဝင် လှုပ်ရှားနေသည့် ပြကွင်းပြကွက်များဖြင့် ပြသခဲ့ရာ သင်တန်းသားများက စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်မဲမြို့နယ်၌ အိမ်သုံးဆိုလာများ ပေးအပ်

ကျောက်မဲ မေ ၂၇

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ကျောက်မဲမြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသော ကျေးလက်ဒေသများ မီးလင်းရေး ငွေကျပ်သိန်း ၄၂၀ ကျော်တန်ဖိုးရှိ အိမ်သုံးဆိုလာစုံများ ပေးအပ်ခြင်း အခမ်းအနားကို မေ ၂၅ ရက်က ကွဲကုန်းကျေးရွာခန်းမဆောင်၌ ကျင်းပသည်။

ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာအုပ်စုနှင့် တံခွန်တိုင်ကျေးရွာအုပ်စုတို့အတွင်းရှိ လွယ်မွန်း၊ ပန်လုံ၊ ဟွေရင်း၊ ပန်းလင်းနှင့် နမ့်လင်းကျေးရွာတို့အတွက် စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၄၂၈ သိန်းတန်ဖိုးရှိ အိမ်သုံးဆိုလာ ၁၀၇ စုံကို ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်ဇော်၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် ကျောက်မဲခရိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်အောင်တို့က ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



❁ **ကျောဖုံးမှ**

အသက်ကိုပဓာနမထားဘဲ ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✤ **ONE Friday မှ**

စောမင်းမင်းသည် ၂၀၂၅ ခုနှစ်တွင် ONE Friday Fights ပြိုင်ပွဲများ စတင်ထိုးသတ်ခွင့်ရခဲ့ပြီး ၂၀၂၅ ခုနှစ်က ထိုးသတ်သည့် ဩစတြေးလျဖိုက်တာ သရိုးဘရစ်ချ်နှင့်ပွဲတွင် အလဲထိုးအနိုင်ရသော်လည်း ယခုနှစ်အတွင်း ထိုးသတ်သည့်ပွဲတွင် ထိုင်းဖိုက်တာ ဒက်ချာဝီလက်ကို အလဲထိုးရှုံးနိမ့်ထားသည်။ စောမင်းမင်းနှင့် ယခုထိုးသတ်မည့် ထိုင်းဖိုက်တာယော့လက်ခ်ပတ်သည် ONE နှင့် ပွဲပေါင်းများစွာ ထိုးသတ်ထားသူဖြစ်ပြီး စုစုပေါင်း ၁၆ ပွဲထိုးသတ်ရာတွင် ၁၀ ပွဲနိုင်၊ ခြောက်ပွဲရှုံးနိမ့်ထားသည်။ ၎င်းသည် နောက်ဆုံးထိုးသတ်ထားသည့် နှစ်ပွဲဆက်တိုက် အနိုင်ရထားသူဖြစ်သည်။

**ညီမြတ်သော်တာ**

# လက်ပံတန်းမြို့နယ်၌ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများအား ကြိုဆို

လက်ပံတန်း မေ ၂၇

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်မှ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းများအား အိမ်ပြန်ခရီးလမ်းတွင် တာဝန်ရှိသူများနှင့် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကပါ ဝမ်းမြောက်စွာဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ကျင်းပသည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးဝင်းကျော်ကျော်လွင်တို့က ဂုဏ်ပြုကြိုဆိုနှုတ်ဆက်စကားပြောကြားခဲ့ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးများ၊



အောင်သပြေခက်များဖြင့် စည်စည်ကားကား သိုက်သိုက်ဝန်းဝန်းကြိုဆိုခဲ့ကြကာ ဂုဏ်ပြုနေ့လယ်စာဖြင့်ဧည့်ခံခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငြိမ်းချမ်းရေးပန်းခင်းထဲမှာ ပညာအလင်းရောင်ထွန်းညှိကြပါစို့

မြင့်စိုး(နတလ)

**အဖေရေးခဲ့သောကဗျာလေးတစ်ပုဒ်**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အနောက်ဘက်ခြမ်းဒေသရှိ ကလေးများ၏ ပညာရေးကိစ္စ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စ စသည်တို့ကို စဉ်းစားတွေးတောရင်း ကျွန်တော်၏ဖခင်လည်းဖြစ် ထိုစဉ်အချိန်ကာလ၌ လေးမျက်နှာမြို့နယ် စိန်တောင်ကျေးရွာ မူလတန်းကျောင်း၏ ကျောင်းအုပ်ကြီးလည်းဖြစ်သူ ဆရာကြီးဦးသာခင် ရေးသားခဲ့သည့် ကဗျာတစ်ပုဒ်ကို သတိရနေမိသည်။ ကဗျာခေါင်းစဉ်ကိုတော့ ဘယ်လိုပေးထားသလဲ မမှတ်မိတော့၊ စာသားအချို့မှာမူ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ရှေးရှေးတုန်းက တို့တောရွာ**
**ကျောင်းနေနည်းလှတာ**
**လယ်ကွင်းပြင်မှာ တို့တစ်သိုက်**
**ငါးနှင့်ပုစွန်နှိုက်**
**မရိုက်မနှက် တို့အမေ**
**ပြုံးလို့ကြိုဆိုပေ**
**ငါတို့အဖေ ဆိုစကား**
**မှန်းဟဲ့ နင်တို့ငါး**
**ထမင်းစားပြီး ဆော့လှောင်ကာ**
**အိပ်လိုက် တစ်နေ့တာ**
**စာပေဆိုတာ ထည့်မတွေး**
**ကကြီး ပုတ်လောက်ရေး**
**ကလေးကြီးတော့ လူကြီးပါ**
**ရပ်ရေးရွာရေးမှာ**
**ပါဝင်စရာမှုကိစ္စ မြားမြောင်လှပေစွ**
**ရှေ့မှသွားလို့ နောက်ကပါ**
**တန်းတန်းလိုက်ရတာ**
**သူများပြောတာ နားထောင်ရ**
**လက်ထောင် ခေါင်းညိတ်ပြ။**

ကျွန်တော်အမှတ်မမှားဘူးဆိုပါက အဖေသည် ကဗျာကိုရေးခဲ့သည်မှာ ကျွန်တော် သုံးတန်း၊ လေးတန်းအရွယ် ၁၉၆၈-၆၉ ခုနှစ်အချိန်ကာလ ခန့်က ဖြစ်ပါလိမ့်မည်။ ထိုအချိန် ထိုကာလသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဗကပတို့ ကြီးစိုးနေဆဲအချိန်ဖြစ်သည်။ ၁၉၇၁ ခုနှစ်မှစ၍ ရွှေလင်းယုန်၊ မိုးဟိန်း၊ တိုင်းလုံးအောင်၊ ဧရာမင်း စစ်ဆင်ရေးများဖြင့် ဖြတ်(၄)ဖြတ် စစ်နည်းဗျူဟာကိုကျင့်သုံးကာ ဗကပ အမြစ်ပြတ်သည်အထိ ချေမှုန်းခဲ့ပြီး ၁၉၇၂ ခုနှစ်တွင် တိုင်းတစ်တိုင်းလုံး အဖြူရောင်နယ်မြေဖြစ်လာခဲ့သည်။

ဖြတ်(၄)ဖြတ်ကာလအတွင်း ကျွန်တော်တို့ ကိုယ်တိုင် တစ်နေ့တာစားဖို့ဆန် ကိုယ်တိုင်သွားထုတ်၊ ရွာလုံခြုံရေးအတွက် ခြံစည်းရိုးကာခြင်း၊ ညှောင့်ချွန် ဝါးချွန်ခြင်းများ လုပ်ခဲ့ရသည်။ ၁၉၇၀ ပြည့်နှစ်မှာ လှော်ကထား အလယ်တန်းကျောင်းကို ရောက်ပြီ။ အနောက်ရိုးမ တောင်ခြေတစ်ဝိုက်မှာတော့ တိုက်ပွဲများဖြစ်နေဆဲ။

ကျွန်တော့်အဖေရေးခဲ့သော ကဗျာလေးက ထိုအချိန်ကာလများကို ရည်ညွှန်းသလား၊ ထိုထက်စောပြီး ၁၉၅၆ ခုနှစ်ကာလ ဗကပနှင့် KNU ပူးပေါင်း၍ မဒညတ ဖွဲ့စည်းလှုပ်ရှားသည့် အချိန်ကာလဖြစ်နေမလား၊ ၁၉၆၈ ခုနှစ် ဗကပတို့၏ မြစ်ဝကျွန်းတိုင်း တည်ဆောက်ရေးစီမံချက် ချမှတ်ဖော်ဆောင်နေသော အချိန်ကာလဖြစ်နေမလား၊ မည်သို့ဆိုစေကာမူ ကျောင်းဆရာလည်းဖြစ်၊ ဒေသက ကလေးများ၏ ပညာရေးအခြေအနေကိုလည်း သိရှိထားသူလည်းဖြစ်နေသောကြောင့် ငယ်စဉ်မှာ ပညာမသင်ယူခဲ့လျှင် သူများ၏ နောက်လိုက်ပဲဖြစ်မှာ၊ သူများပြောသမျှခေါင်းညိတ်ရမှာ၊ လက်ညှိုးထောင် ခေါင်းညိတ်ဘဝကနေ မကျွတ်မလွတ်မှာကို စိုးရိမ်ပူပန်စိတ်ဖြင့် ရေးသားခဲ့ကြောင်း၊ ကျွန်တော်တို့ ကျောင်းသားတွေကို အာဂုံဆောင် ကျက်မှတ်စေခဲ့ကြောင်း နားလည်သဘောပေါက်ခဲ့ရသည်။




အထက လှော်ကထား

**ခေါင်လန်ဖူးက မှာတမ်းစာ**

ကျောင်းဆရာ၏ သားလည်းဖြစ်၊ တောသားလည်းဖြစ်၊ လေးမျက်နှာ ပရဟိတကျောင်းထွက်လည်းဖြစ်ခဲ့သည့် ကျွန်တော့်အနေဖြင့် တပ်မတော်သားဘဝမှာ တပ်မတော်တာဝန်ကို ထမ်းဆောင်ခဲ့သော်လည်း နယ်ဘက်ဌာနဆိုင်ရာ ဝန်ထမ်းဘဝမှာတော့ မိမိမွေးရပ်မြေက ကလေးများ၏ပညာရေးကိစ္စအဝဝအပြင် ရောက်လေရာဒေသက ကလေးများ၏ ပညာရေးကိုပါ စိတ်ဝင်စားခဲ့သည်။ လက်လှမ်းတမီကူညီနိုင်တာကို ကူညီခဲ့သည်။

ကျွန်တော်နတလမှာ တာဝန်ထမ်းဆောင်စဉ် ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်းမှာ မဂွေဇ-ခေါင်လန်ဖူး ၆၅ မိုင် ၄ ဖာလုံ ကားလမ်းဖောက်လုပ်သည့် လုပ်ငန်းခွင်သို့ သွားရောက်ကြီးကြပ်ခဲ့ရသည်။ မဂွေဇ-ခေါင်လန်ဖူး ကားလမ်းကို လွယ်လွယ်နှင့်မဖောက်နိုင်ခဲ့ပါ။ ကြားထဲမှာ ပေပေါင်း ၇၇၀၀ ကျော်မြင့်သည့် ဆန်းလွတ်ချက် ကျောက်တောင်ကြီးလည်းရှိနေ၍ လေး/ ငါးနှစ်မက အချိန်ယူခဲ့ရသည်။

ဆန်းလွတ်ချက်တောင်ထိပ်ထိ ၃၃ မိုင် ၄ ဖာလုံ လမ်းတစ်ဝက်ပေါက်ပြီးနောက် မေခမြစ်နားအထိ ရောက်လာသောအခါ ကျန်ခရီးကို ဆိုင်ကယ်များစီး၍ ခေါင်လန်ဖူးအထိ ခရီးနှင်ခဲ့ကြသည်။ တစ်သက်မှာ တစ်ခါရောက်ဖို့ရာ ခက်ခဲလှသော မြို့ရွာများထဲမှာ ခေါင်လန်ဖူးလည်း ပါပေလိမ့်မည်။ ကျွန်တော်၏အရွှတ္တ သန္တာန်မှာကိုက ခဲရာခဲဆစ် သွားရသောနေရာဒေသများကို ပို၍ခင်တွယ်တတ်၊ သံယောဇဉ်ကြီးတတ်တာမျိုးရှိခဲ့သည်။ သည့်အတွက် ခေါင်လန်ဖူး၊ ပန်နန်းဒင်၊ မက်မန်း၊ ဟိုမိန်း ဒေသတွေလိုနေရာမျိုးတွေကို အခေါက်ခေါက် အခါခါ ရောက်ဖူးခဲ့ရသည်။

ဆိုရသော်.....ခေါင်လန်ဖူးဒေသကိုရောက်ချိန်မှာ ကလေးများ၏ ပညာရေးအခြေအနေကို စေ့ငုလေ့လာမိသည်။ ရော်.......သည်ဒေသမှာ ခေါင်လန်ဖူး၊ ဇန်ယော့၊ ရှိန်းခေါင် အထကကျောင်းတွေရှိသည်။ ဤသို့ရှိနေလင့်ကစား အနီးကျောင်းသုံးကျောင်းထဲမှ တက္ကသိုလ်ဝင်စာမေးပွဲကို တစ်ယောက်တလေမှ မအောင်မြင်ခဲ့တာ၊ ဘဲဥမကွဲခဲ့တာ ရှစ်နှစ်ခန့်ရှိနေပြီဆိုပဲ။ ဘာကြောင့်ပါလိမ့်၊ ဘာတွေလိုအပ်နေပါလိမ့်။

နီးစပ်ရာမြို့မိမြို့ဖတွေ၊ ကျောင်းသားကျောင်းသူတွေကို မေးကြည့်၊ လေ့လာကြည့်တော့ စာမေးပွဲမအောင်မြင်ရခြင်း အချက်ငါးချက်လောက်ကို သွားတွေ့ရသည်။ နံပါတ်(၁)က လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် ပြဋ္ဌာန်းစာအုပ်၊ ပုံနှိပ်စာအုပ်တွေ အချိန်မီမရောက်။ လား၊ မြင်းများနှင့် အဆင့်ဆင့်သယ်ယူရသောကြောင့် သူများကျောင်းများထက် သုံးလလောက်နောက်ကျသည်။ နံပါတ် (၂) က လျှပ်စစ်မီးမရှိ၍ ညဘက်စာကြည့်ဖို့ခက်ခဲသည်။ ရေနံဆီ၊ ဖယောင်းတိုင်ဈေးကြီးသည်။ နံပါတ် (၃) က ရာသီဥတုက ရေခဲသောအရပ်ဒေသဖြစ်သည်။ အနွေးထည်ထူထူထဲထဲမရှိလျှင် စာထဲကိုစိတ်မရောက်နိုင်အောင် အေးလွန်းလှသည်။ နံပါတ် (၄) အချက်က ပို၍အရေးကြီးဆုံးဖြစ်သည်။ ကလေးတိုင်းသည် မြို့ပေါ်က ကလေးများမဟုတ်ကြပါ၊ အဝေးရွာတွေကနေ တောင်နှစ်လုံး၊ သုံးလုံးကျော်၍ လာတက်ကြရသည်။ ရှိသည့်နေရာ၊ လွတ်သည့်အိမ်မှာ တည်းခိုကြပြီး ချက်ပြုတ်စားသောက်ရင်း ကျောင်းတက်ကြရသည်။ တစ်ပတ်စာ သယ်လာသည့်ဆန်လေးတွေကုန်တော့ ရွာသို့ပြန်ပြီး ဆန်သယ်ကြရသည်။ ဆန်ပြန်သယ်ဖို့ရာ တစ်ပတ်မှာ အနည်းဆုံးတစ်ရက် ကျောင်းပျက်သည်။ နံပါတ် (၅) အချက်က ဆရာ ဆရာမများသည်လည်း ကိုယ့်ဒုက္ခနှင့်ကိုယ် စားရေးသောက်ရေး၊ ကျန်းမာရေး၊ သွားရေးလာရေးကိစ္စများ ခက်ခဲစွာ ရင်ဆိုင်ဖြေရှင်းနေရသဖြင့် သင်ထောက်ကူမလုပ်ပေးနိုင်ခဲ့ပါ။ အပိုချိန်တွေ မခေါ်နိုင်ခဲ့ပါ။ သူတို့ကိုလည်း အပြစ်တင်စရာမရှိ။

သည်အချက် ငါးချက်ထဲက အပေါ်က လေးချက်ကို ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီဖြေရှင်းမပေးနိုင်တော့ပြီလော၊ ဖြည့်ဆည်းမပေးနိုင်တော့ပြီလော။ ကျောင်းသုံးကျောင်းပေါင်းမှ ၁၀ တန်းကျောင်းသား ၅၀ မပြည့်ပါ။ သူတို့အတွက် ဆိုလာမီး၊ စားစရာ၊ အနွေးထည်များ ထောက်ပံ့ပေးခြင်း၊ ပုံနှိပ်စာအုပ်တွေကို ကြိုတင်ပေးပို့ခြင်း မပြုနိုင်တော့ပြီလော။ သည်အချက်တွေကို အကြံပြုလို၍ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာမှာ ဆောင်းပါးတစ်ပုဒ်ရေးဖြစ်ခဲ့သည်။ “ခေါင်လန်ဖူးကမှာတမ်းစာ”ဟူ၍...။ သည့်နောက်မှာတော့ တာဝန်ရှိသူတွေက ကျောင်းသုံးကျောင်းမှ ကျောင်းသား ကျောင်းသူ ၄၆ ဦးကို ပူတာအိုမြို့သို့ ခေါ်ယူစုစည်းပြီး Camp သွင်း သင်ကြားပေးခဲ့ရာ ထိုနှစ်တက္ကသိုလ်ဝင်စာမေးပွဲကို သုံးယောက် အောင်မြင်ခဲ့ပါသည်။ နောင်နှစ်တွေလည်း ဆက်၍ အောင်မြင်ကြကြောင်း သိရသည်။ ကျွန်တော်တတ်နိုင်သလိုပြုမိခဲ့သော ပညာဒါနတစ်ခု။

**ပညာရေးထိခိုက်ခဲ့သော တိုင်းဧရာ**

၂၀၂၅ ခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အနောက်ခြမ်းဒေသများ၊ ရေကြည်မြို့နယ်နှင့် အင်္ဂပူမြို့နယ်အစွန်အဖျားနေရာများသို့ AA အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အချို့ ပူးပေါင်းဝင်ရောက်လာသောကြောင့် ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားခဲ့သလို ပညာသင်ကြားရေးဘက်မှာလည်း အားလုံးကမောက်ကမ ဖြစ်သွားခဲ့ရသည်။ လေးမျက်နှာမြို့နယ်အတွင်း ထက်၊ လယ်၊ မူ ကျောင်းပေါင်း ၁၇၇ ကျောင်းရှိသည့်အနက် အနောက်ဘက်ခြမ်းဒေသက ၆၈ ကျောင်းမှာ မဖွင့်နိုင်တော့ပါ။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ကျောင်းသားစုစုပေါင်း ၁၉၅၈၇ ဦးရှိသည့်အနက် ၁၄၈၄၃ ဦးသာ ကျောင်းအပ်ခဲ့ပြီး အပ်နှံရန်ပျက်ကွက်သူ ၄၇၄၄ ဦးထဲတွင် အနောက်ဘက်ခြမ်း ၁၉ အုပ်စုမှ ကျောင်းသားကျောင်းသူစုစုပေါင်း ၄၆၀၀ ခန့် ပါဝင်ပါသည်။ လေးမျက်နှာမြို့ပေါ်နှင့် အခြားဒေသများသို့ ပြောင်းရွှေ့သင်ယူခွင့်ရရှိသွားသော ကျောင်းသားဦးရေမှာ ခန့်မှန်း ၁၉၈၉ ဦးခန့်သာရှိသဖြင့် ကျန်ကလေးများသည် ပညာသင်ယူခွင့်ဆုံးရှုံးသွားသည့်သဘောဖြစ်သည်။ တချို့က မိဘများ ယာယီစစ်ဘေးရှောင်ရာ၊ အလုပ်လုပ်ရာသို့ ပါသွားကြပေလိမ့်မည်။ ထားနိုင်သူများက ဆက်၍ထားကြမည်ဖြစ်သော်လည်း တော်တော်များများမှာ စာသင်ကျောင်းနှင့် ကင်းကွာသွားကြမည်မှာ မလွဲကေန်ဖြစ်သည်။ ဝမ်းနည်းဖွယ်ကောင်းလေစွ။

**ဒေသတည်ငြိမ်အေးချမ်းရေးသည် အဓိက**

ဒေသတည်ငြိမ်အေးချမ်းဖို့လိုသည်။ ဒေသတည်ငြိမ်အေးချမ်းပါမှ စိုက်ပျိုးမွေးမြူရေး၊ ဒေသဝမ်းစာဖူလုံရေးတွေ အလေးပေးဆောင်ရွက်နိုင်မည်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝမြင့်မားရေး လုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်နိုင်မည်။ အထူးသဖြင့် ပညာရေးသည် နိုင်ငံတော်အတွက် တန်ဖိုးအရှိဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သဖြင့် ပညာတတ်လူငယ်လူရွယ်များ ဆုံးရှုံးမသွားဖို့လိုအပ်ပါသည်။ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်။ ပြုစုပျိုးထောင်ပေးရမည်။ သည်အတွက် အားလုံးမှာ တာဝန်ရှိပါသည်။

> **❛ဒေသတည်ငြိမ်အေးချမ်းဖို့လိုသည်။ ဒေသတည်ငြိမ်အေးချမ်းပါမှ စိုက်ပျိုးမွေးမြူရေး၊ ဒေသဝမ်းစာဖူလုံရေးတွေ အလေးပေးဆောင်ရွက်နိုင်မည်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝမြင့်မားရေးလုပ်ငန်းတွေကို တိုးမြှင့်ဆောင်ရွက်နိုင်မည်။ အထူးသဖြင့် ပညာရေးသည် နိုင်ငံတော်အတွက် တန်ဖိုးအရှိဆုံး ရင်းနှီးမြှုပ်နှံမှုဖြစ်သဖြင့် ပညာတတ်လူငယ်လူရွယ်များ ဆုံးရှုံးမသွားဖို့ လိုအပ်ပါသည်။ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမည်။ ပြုစုပျိုးထောင်ပေးရမည်။ သည်အတွက် အားလုံးမှာတာဝန်ရှိ❜**

အနောက်ရိုးမတောင်ခြေနားမှာ ခိုအောင်းလှုပ်ရှားနေကြသော လက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း အမှောင်ခွင်းအလင်းဆောင်ကာ မှန်ကန်သော အသိအမြင် အတွေးအခေါ်တို့ဖြင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး ပြည်သူ့ရင်ခွင်၊ ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ကြဖို့ တိုက်တွန်းလိုပါသည်။ နှစ်ပေါင်းများစွာ အေးချမ်းသာယာရှိခဲ့သော တိုင်းဧရာဝတီ၏ အလှတရားတို့ကို မဖျက်ဆီးမိစေဖို့ လိုပါသည်။ နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုအပေါ် အကြွင်းမဲ့ယုံကြည်အားထားပြီး ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးရေးတို့ကို လက်တွဲကူညီ ဆောင်ရွက်ကြရင်း ငြိမ်းချမ်းရေးပန်းခင်းထဲမှာ ပညာအလင်းရောင် ထွန်းညှိနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့။ ။



## ကရင်ပြည်နယ်ဝန်ကြီးချုပ် နွေရာသီကာလတိုသင်တန်းများ ဆင်းပွဲတက်ရောက်

ဘားအံ မေ ၂၇

ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်းကော်မတီက ကြီးမှူး၍ နွေရာသီကျောင်းအားလပ်ရက်များတွင် ဖွင့်လှစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သက်မွေးပညာ ကာလတိုသင်တန်းများ ဆင်းပွဲကို ယနေ့နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (ဘားအံ) နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) တို့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းများမှ အခြေခံစက်ချုပ်သင်တန်းတွင် အထူးဆုရရှိသူတစ်ဦးအား အပ်ချုပ်စက်တစ်လုံးနှင့်အတူ သင်တန်းထူးချွန်ပထမ၊ ဒုတိယ၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ သင်တန်းဆင်းလက်မှတ်များ၊ သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဆင်း သင်တန်းသား သင်တန်းသူများ ကိုယ်တိုင်ဆောင်ရွက်ထားသော လက်ရာများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

ပုသိမ် မေ ၂၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၉) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၁၁)အခြေခံပညာ အထက်တန်းကျောင်း(မြို့မ) ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် တက်ရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများ ပေးအပ်သည်။

ယင်းနောက် ပုသိမ်မြို့ သာသနာ့ဗိမာန်၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့ကြသော စာအောင်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားသို့ တက်ရောက်ပြီး စာအောင် သံဃာတော်များ၊ သီလရှင် ဆရာလေးများအား စာအောင်ဆုနှင့် အောင်လက်မှတ်များ ဆက်ကပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## တိုက်ကြီးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မေ ၂၅ ရက်က ဖလုံဘူတာကျေးရွာ သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသူအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုးတို့က အမှာစကား ပြောကြားပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ လမ်း၊ တံတား၊ အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး တို့ကို ဦးဆောင် ဆွေးနွေးကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

## မတ္တရာမြို့နယ်၌ ဝါမျိုးစေ့နှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်

မတ္တရာ မေ ၂၇

မတ္တရာမြို့နယ်၌ စံပြစိုက်ခင်း ဧက ၅၀ အတွက် ဝါမျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၅ ရက်မွန်းလွဲပိုင်းက မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာ စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေး ပညာပေးစခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေက အမှာစကားပြောကြားသည်။

ထို့နောက် ဝါစိုက်တောင်သူများ၏ ဧက ၅၀ အတွက် ဝါမျိုးစေ့နှင့် သွင်းအားစုများကို တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူများက လက်ခံရယူကြသည်။



ဝါမျိုးစေ့နှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲသို့ အောင်မြေသာစံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလှမြင့်၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေရာသား**

## ကော့သောင်းမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ကော့သောင်း မေ ၂၇

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက ရွှေဇင်ယော်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် အမှတ် (၇၅) ယာဉ်ထိန်းရဲ တပ်ဖွဲ့စု (ကော့သောင်း) မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ထင်ကျော်ဦးက ယာဉ်မောင်း/ယာဉ်နောက်လိုက်များအား လမ်းခရီးသွားလာရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လေးစားလိုက်နာစေရန်နှင့် ပြစ်မှုပြစ်ဒဏ်များ အကြောင်းကို အသိပညာပေး ဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပျဉ်းမနားမြို့နယ် စာရေးဆရာအသင်းအလုပ်အမှုဆောင်သစ် ရွေးချယ်

ပျဉ်းမနား မေ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်စာရေးဆရာအသင်း နှစ်ပတ်လည် မျက်နှာစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ်ရွေးချယ်ပွဲကို ယနေ့ နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ထိုက်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မင်းလွင်က မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်သစ် ရွေးချယ်ရေးနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာအသင်း အလုပ်အမှုဆောင်သစ်အား လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ခဲ့ကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**

## ကျောင်းကုန်းမြို့၌ ဧည့်ရိပ်သာများ မီးဘေးလုံခြုံရေး လိုက်လံစစ်ဆေး

ကျောင်းကုန်း မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ ဧည့်ရိပ်သာများအား မီးဘေးလုံခြုံရေးအတွက် ယမန်နေ့နံနက်ပိုင်းက လိုက်လံစစ်ဆေးကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးသစ္စာထွန်းတို့က "၅-ပွိုင့်" အဆင့်မြင့်အအေးခန်းဧည့်ရိပ်သာ၊ "သုခကြွယ်"၊ "မြနန်းတော်" ဧည့်ရိပ်သာများ၌ မီးသတ်ဆေးဘူးထားရှိမှု၊ လျှပ်စစ်သွယ်တန်းသုံးစွဲမှု၊ မီးသုံးစွဲမှု၊ မီးဘေးတားဆီးကာကွယ်ရေး ပစ္စည်းများ ထားသိုသုံးစွဲမှုအခြေအနေများကို စစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**





## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဖိုရမ်ဖွင့်ပွဲတက်ရောက်

မန္တလေး မေ ၂၇

မန္တလေးတိုင်းဒေသကြီး ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဖိုရမ် (Mandalay Region Communications Sectors Development Forum) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ Mingalar Mandalay Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်မိုးသက်နှင့် အတွင်းရေးမှူး ဦးကျော်စွာထွန်း၊ ဆက်သွယ်ရေးဦးစီးဌာန တိုင်းဒေသကြီးရုံးခွဲ တာဝန်ခံနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဆက်သွယ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာကဏ္ဍမှ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ရုံးခွဲတာဝန်ခံက ဖိုရမ်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြ၍ မိုဘိုင်းအော်ပရေတာ၊ တာဝါကုမ္ပဏီများ၊ ဖိုက်ဘာကုမ္ပဏီများ၊ ISP ကုမ္ပဏီများမှတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးကြသည်။

အဆိုပါဖိုရမ်ကို မန္တလေးတိုင်းဒေသကြီးအတွင်း ဆက်သွယ်ရေးကွန်ရက်လိုင်းများ ကောင်းမွန်မှုရှိစေရန်၊ အမြင်မတင့်တယ်သည့် ဖိုက်ဘာကြိုးများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ရှင်းလင်းဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီး ဦးမျိုးမြင့် လမ်းအသုံးပြုခကောက်ခံနေသည့် တိုးလ်ဂိတ်များနှင့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး (နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ရှိ လမ်းအသုံးပြုခ ကောက်ခံနေသည့် တိုးလ်ဂိတ်များသို့ရောက်ရှိပြီး လမ်းအသုံးပြုခကောက်ခံမှုစနစ်များနှင့် နည်းပညာဆိုင်ရာဆောင်ရွက်ထားမှု၊ အမြန်လမ်းမကြီး၌ ဖြတ်သန်းခွင့်ရှိသည့် Telematic စနစ် တပ်ဆင်ထားသည့် သတ်မှတ်ကုန်တင်ယာဉ်များနှင့် ခရီးသည်တင်မှန်လုံယာဉ်များ၏ ဘေးအန္တရာယ်ကင်းရှင်း၍ သတ်မှတ်တန်ချိန်ကျော်လွန်မှုမရှိစေရန် တိုးလ်ဂိတ်ရှိ ကတ္တားပေါ်၌ ချိန်တွယ်၍ ဖြတ်သန်းမောင်းနှင်သွားလာနေမှု၊ နေ့စဉ်ကောက်ခံရရှိသည့် လမ်းအသုံးပြုခများကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျစာရင်းပြုစုထားမှု၊ တိုးလ်ဂိတ်အဆောက်အအုံနှင့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၆၅/၁-၁၆၅/၃)ကြားရှိ ဆွာချောင်းတံတား(အပြန်) တည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တံတားအဟောင်းဖျက်သိမ်းမှုနှင့် တံတားအသစ်တည်ဆောက်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၁၁၅မိုင်(ဖြူး)တိုးလ်ဂိတ်နှင့် အမှတ်(၃)တိုးလ်ဂိတ်တို့တွင် လမ်းအသုံးပြုခ ကောက်ခံနေမှုနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနေမှုအခြေအနေ ၊ တိုးလ်ဂိတ်ရှိ ကတ္တားပေါ်သို့ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်သွားလာနေမှုများအား ချိန်တွယ်မှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်





## တောင်တွင်းကြီးမြို့နယ်၌ မြေပြုပြင်သရုပ်ပြ

တောင်တွင်းကြီး မေ ၂၇

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၇၁) စက်မှုလယ်ယာစခန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ Reversible Mouldboard Plough ဖြင့် မြေပြုပြင်ပြီး ပိုက်ဆံလျှော်မျိုးစေ့ထုတ် စိုက်ခင်းစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ဝက္ကသေးကျေးရွာ ကွင်းအမှတ် (၂၆၀၀) တောင်သူဦးသန်းလွင်၏ ယာမြေသုံးဧက၌ ကျင်းပသည်။

ဦးစွာ တောင်တွင်းကြီးမြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတိုးမြင့်ပိုင်က Reversible Mouldboard Plough (အထက်အောက် အပြန်အလှန် ထယ်ထိုး၍ရသော သိပ္ပံထယ်)ကို အသုံးပြုခြင်းဖြင့် မြေအမျိုးအစား အများစုအတွက် အသင့်တော်ဆုံးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကွင်းသရုပ်ပြသခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ပိုက်ဆံလျှော်မျိုးစေ့ထုတ် စိုက်ခင်းပက်ကြဲခဲ့ကြောင်း သိရသည်။

နောင်နောင် (ဗိဿနိုးမြေ)

## မူဆယ်မြို့၌ အသိပညာပေးဟောပြောပွဲ ပြုလုပ်

မူဆယ် မေ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ဌာနဆိုင်ရာများ စုပေါင်း၍အသိပညာပေးဟောပြောပွဲကို အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်သည်။



ဟောပြောပွဲတွင် အမှတ်(၁၂၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုရုံး (မူဆယ်)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်ဇင်လတ်က ယာဉ်စည်းကမ်း/ လမ်းစည်းကမ်းအကြောင်း၊ ခရိုင်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်မျိုးထွဋ်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်က မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ မောင်းနှင်ရာတွင် သိရှိလိုက်နာရမည့် လမ်းအမှတ်အသားများ၊ တိုင်းရင်းဆေးမှူး ဦးဇော်ဝင်းနိုင်က တိုင်းရင်းဆေးပညာများအကြောင်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မူဆယ်မြို့နယ်တာဝန်ခံ ဦးသောင်းလင်းက ဆိုက်ဘာလုံခြုံရေးအကြောင်းနှင့် အင်တာနက်အသုံးပြုမှုအကြောင်းများကို ရှင်းလင်းဟောပြောဆွေးနွေးကြသည်။

ဟောပြောပွဲ အပြီးတွင် တက်ရောက်လာသော ဧည့်သည်တော်များနှင့်သင်တန်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဝေါမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေး



ဝေါ မေ ၂၇

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် အခွန်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်အိအိခိုင်က အခွန်များအကြောင်းနှင့် အခွန်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)

## လွိုင်လင်မြို့၌ တောင်သူဆွေးနွေးပွဲနှင့် မျိုးစေ့၊ ပျိုးပင်၊ လယ်ယာသုံးစက်ကိရိယာများ ပေးအပ်

လွိုင်လင် မေ ၂၇

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်၌ တောင်သူဆွေးနွေးပွဲနှင့် မျိုးစေ့၊ ပျိုးပင်၊ လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးမင်းသန်းက မျိုးစေ့၊ မျိုးပင်နှင့် လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများအား တာဝန်ရှိသူများက နှစ်ရှည်သီးနှံပျိုးပင်၊ နှစ်ချင်းသီးနှံ မျိုးစေ့များ၊ လယ်ယာသုံးစက်ကိရိယာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အယ်မင်း(လွိုင်လင်)



# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး

နေပြည်တော် မေ ၂၇

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုဘဝများကို ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လုံးဝပြန်လည်အခြေချခြင်းမရှိစေရေး ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသော ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခြင်းမရှိစေရေး ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီးခြင်းနှင့် တရားမဝင်အဆောက်အအုံများကို ထပ်မံဆောင်ရွက်ခြင်းမပြုနိုင်စေရေးအတွက် အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၇၇ လုံးကို အဆောက်အအုံအမျိုးအစားအလိုက် ယာဉ်ယန္တရားဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံး၊ ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ ခွဲခြားသတ်မှတ်၍ စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် လေးထပ်လူနေအဆောက်အအုံ သုံးလုံးကို ယာဉ်ယန္တရားများအသုံးပြု၍ စနစ်တကျထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် စုစုပေါင်းအဆောက်အအုံ ကိုးလုံးအား ဖြိုချဖျက်ဆီးပြီးဖြစ်ရာ ဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံ ၆၈ လုံး ကျန်ရှိနေသေးကြောင်းနှင့် ၎င်းတို့အားဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသရှိ တရားမဝင်အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးမှု။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**









ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်ဒေသ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းလုပ်ကိုင်ခဲ့သော အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

## အမျိုးသမီးငယ်ကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ကာ ဗီဒီယိုရိုက်ကူးခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၂၇

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့တွင် အမျိုးသမီးငယ်ကို လိင်ပိုင်းဆိုင်ရာမဖွယ်မရာပြုလုပ်ကာ ဗီဒီယိုရိုက်ကူးခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နေ မ-------၊(၁၀/၂၀၂၆)နှစ်သည် အိမ်ချင်းကပ်လျက်ရှိသည့် ရွှေနဒီရွှေနှင့် စာရေးကိရိယာအရောင်းဆိုင်မှ ပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းလွင်ဦး(ခ)ကိုလေး (၆၁)နှစ် (ဘ)ဦးမြကျော် ပန်းထိမ်ဆရာ အမှတ်(၅)ရပ်ကွက် လယ်ဝေးမြို့နေသူနှင့် ခင်မင်ရင်းနှီးခဲ့ပြီး ဆိုင်သို့မကြာခဏသွားရောက်ဆော့ကစားလေ့ရှိကြောင်း၊ ၂၀၂၃ ခုနှစ်(ရက်/လ)မမှတ်မိတွင် ဦးဝင်းလွင်ဦး(ခ)ကိုလေးသည် မှန်ကောင်တာနောက်ရှိ ထိုင်ခုံပေါ်တွင်ထိုင်၍ ၎င်းအား ပေါင်ပေါ်တွင်ထိုင်စေပြီး ပွေ့ဖက်ခြင်း၊ လိင်အင်္ဂါအားကိုင်တွယ်ခြင်းများ ပြုလုပ်ခဲ့ပြီး ထိုသို့ပြုလုပ်နေစဉ် ဦးဝင်းလွင်ဦး(ခ)ကိုလေးက ၎င်းအား ဖုန်းပေးကိုင်၍ ဂိမ်းဆော့စေခိုင်းထားကြောင်း။

နောက်တစ်နေ့တွင် ဦးဝင်းလွင်ဦး(ခ)ကိုလေးက ဆိုင်ပိုင်ရှင်များမရှိသည့်အချိန်တွင် အိမ်အပေါ်ထပ်ရှိ ဘုရားခန်းသို့ခေါ်ဆောင်၍ လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ကာ ဗီဒီယိုရိုက်ကူးခဲ့ကြောင်း၊ ဦးဝင်းလွင်ဦး(ခ)ကိုလေးက အဆိုပါဗီဒီယိုများအား Kolay 147147@gmail.com Google Drive တွင် သိမ်းဆည်းထားရှိခဲ့ကြောင်း စိစစ်သိရှိရသဖြင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု (နေပြည်တော်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ လယ်ဝေးမြို့မရဲစခန်း (ပ)၅၂/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မေ ၂၅ ရက်တွင် လယ်ဝေးခရိုင်တရားရုံးမှ တရားခံဦးဝင်းလွင်ဦး(ခ)ကိုလေးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အုတ်ဖိုမြို့၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ ကျင်းပ



အုတ်ဖို မေ ၂၇

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ မေ ၂၇ ရက်က အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ ပညာပေးရှင်းလင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇော်မျိုးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးကျော်ဇင်ဦးက ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်ဆိုင်ရာကိစ္စရပ်များ၊ ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ၊ ကြေညာလွှာတင်သွင်းခြင်း ကိစ္စရပ်များအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**

## မကွေးမြို့၌ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် လေ့ကျင့်သရုပ်ပြ

မကွေး မေ ၂၇

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ မီးဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသူဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မကွေးမြို့နယ်အတွင်းရှိစက်ရုံ၊ အလုပ်ရုံများ၊ စက်သုံးဆီဆိုင်များ၊ ဈေးများ၊ ဟိုတယ်၊ မိုတယ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ KTV ကာရာအိုကေလုပ်ငန်းများ၊ စာသင်ကျောင်းများ၊ သာသနိကအဆောက်အအုံများနှင့် ရုံးဌာနများသို့ သွားရောက်၍ မီးဘေးလုံခြုံရေးအခြေအနေများကို စစ်ဆေးပြီး မီးငြိမ်းသတ်ရေးပစ္စည်းများ အသုံးပြုတတ်စေရန် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**မောင်ခိုင်မင်း(ပြန်/ဆက်)**



ကရင်ပြည်နယ် ကော့ကရိတ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနကကြီးမှူးပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းနှင့် ပေးအပ်ပွဲကို မေ ၂၆ ရက်က ကျုံဒိုးမြို့ အထကကျောင်း၌ ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်

နေပြည်တော် မေ ၂၇



အနောက်မြောက် တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင် အားကစားအသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် လားရှိုးတပ်နယ်(က)အသင်းနှင့် လားရှိုးတပ်နယ်(ခ) အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်းဘောလုံး ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန် ၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုတောမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်

ပုတော မေ ၂၇

ရောဝတီတိုင်းဒေသကြီး ပုတောမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် ယနေ့ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်နှင့် ကျေးရွာ ၁၁၃ ရွာရှိ အိမ်ခြေပေါင်း ၁၇၈၉၀ တို့တွင် ပိုးလောက်လမ်းစစ်ဆေးခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးမှုတ်ခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**



# ကျောင်းကုန်းမြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသပေး



ကျောင်းကုန်း မေ ၂၇

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ဝက်ချောင်းတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား မေ ၂၅ ရက်က ကွင်းဆင်းကုသပေးသည်။

အဆိုပါ ကွင်းဆင်းကုသမှုအစီအစဉ်တွင် အထွေထွေရောဂါအထူးကုလူနာ ၆၃ ဦး၊ ခွဲစိတ်လူနာ ၂၀၊ သားဖွားမီးယပ်လူနာ ၁၂ ဦး၊ အရိုးနှင့်ထိခိုက်ဒဏ်ရာလူနာ ၃၄ ဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်ခြင်း ၁၉ ဦး၊ သွားနှင့်ခံတွင်းလူနာ ၁၉ ဦး၊ ကလေးလူနာ ၂၂ ဦး စုစုပေါင်းလူနာ ၁၈၉ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ကျောင်းကုန်းမြို့ နယ်ပြည်သူ့ဆေးရုံကြီး၌ လိုအပ်သောကုသမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန် လူနာလေးဦးအား ညွှန်းပို့စီစဉ်ခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ်၌ မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို အထက(၂) မြတ်ပညာခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ကျောက်တံတားခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်ညွန့်ညွန့်အေးက အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်ပညာရေးမှူး၊ လမ်းမတော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အခမဲ့ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံနှင့် ကျောင်းဝတ်စုံများ ပေးအပ်ကြသည်။

ထို့နောက်အထက(၂)လမ်းမတော်ကျောင်းသားဟောင်းများအဖွဲ့မှ ဘင်ခရာတီးဝိုင်းဖြစ်မြောက်ရေးအတွက် အလှူငွေများကိုလည်းကောင်း၊ လမ်းမတော်မြို့နယ် ကိုယ်ပိုင်ကျောင်းများမှ ဘင်ခရာတီးဝိုင်းဖြစ်မြောက်ရေးအတွက် အလှူငွေများကိုလည်းကောင်း အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာမော်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**



# ရေကြည်မြို့နယ်၌ အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေး

ရေကြည် မေ ၂၇

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကုသရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချ လုပ်သားများနှင့် စည်ပင်လုပ်သားဝန်ထမ်း စုစုပေါင်း ၁၅၀ အား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ထွန်းအောင် ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်း၍ ရပ်မိရပ်ဖများ၊ ပရဟိတအဖွဲ့များ၊ မိခင်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# တပ်ကုန်းမြို့၌ စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေး အသိပညာပေး



တပ်ကုန်း မေ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီဆိုင်များ မီးဘေးလုံခြုံရေးအသိပညာပေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေး လေ့ကျင့်ဆောင်ရွက်ခြင်းကို ယမန်နေ့ ညနေပိုင်းက စက်သုံးဆီဆိုင်များ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဟိန်းအောင်ကျော် ကြီးကြပ်ပြီး မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးသော်ခန့်ဝေ ဦးဆောင်၍ မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသင့်မသုံးပြုနိုင်ရေး ရှိ၊ မရှိ စစ်ဆေး၍ စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများကို မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများ အသုံးပြုတတ်စေရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေး လေ့ကျင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပစဉ်။

မျိုးလှိုင်(တွံတေး)



❂ **လာမည့်ရာသီမှ**

ယင်းအသင်းအများစု ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အသင်းသစ်အချို့ ထပ်တိုးလာမည်ဖြစ်သောကြောင့် လာမည့်ရာသီတွင် ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၀ သင်းဝန်းကျင်ရှိလာဖွယ်ရှိနေသည်။ လာမည့်ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ဇွန်လလယ်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းများနှင့် ပွဲစဉ်ဇယားကို ယခုလကုန်ပိုင်းတွင် အတည်ပြုဖွယ်ရှိနေသည်။

ရတနာပုံအသင်း၏ ပြီးခဲ့သည့်ရက်ပိုင်းက တရားဝင်သတင်းထုတ်ပြန်မှုအရ အမျိုးသမီးအသင်း ဖွဲ့စည်းမည့်အကြောင်းနှင့် အုပ်ချုပ်/နည်းပြနှင့် ကစားသမားစာရင်းကို မကြာမီ ထုတ်ပြန်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး မြဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းက သုံးကြိမ်စီ၊ ရောဝတီအသင်းက တစ်ကြိမ် ဗိုလ်စွဲထားကာ ရောဝတီအသင်းက လက်ရှိချန်ပီယံအသင်းလည်းဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**

**ဓာတ်ပုံ - စိုးညွန့်သော်**

■



## ကွန်ဟိန်းမြို့နယ်၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးပွဲ ကျင်းပ

ကွန်ဟိန်း မေ ၂၇

သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) ကြဲပက်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် သိန်းဖျံ ကျေးရွာ တောင်သူ ဒေါ်နန်းနွမ်း၏ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) စံပြစိုက်ကွေ သုံးကေ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်က သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် စိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး (အီးအမ်စူပါဘိုကာရှီ) သဘာဝဓာတ်မြေသြဇာ ပြုလုပ်သုံးစွဲနည်းတို့ကို လက်တွေ့ပြသကာ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)မျိုးစေ့များ စုပေါင်းကြဲပက်စိုက်ပျိုးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မော်ဖောင်းကျေးရွာအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

မြစ်ကြီးနား မေ ၂၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစ်ကြီးနားမြို့နယ် အတွင်းရှိ မော်ဖောင်းကျေးရွာ နယ်မြေ(၇)အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို ယနေ့ လွှဲပြောင်းပေးအပ်သည်။



ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရိန်စိုးလှက စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ မော်ဖောင်းကျေးရွာ ကော်မတီအဖွဲ့ဝင်များ ကိုယ်စား ကော်မတီအဖွဲ့ဝင်များက စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝင်းက စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မော်ဖောင်းကျေးရွာ နယ်မြေ(၇)အတွက် VDP စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကော်ဖီသီးနှံစုပေါင်းစိုက်ပျိုးပွဲ ကျင်းပ

ပင်လောင်း မေ ၂၇

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်သည့် ကော်ဖီ



သီးနှံသရုပ်ပြစိုက်ပျိုးခြင်းကို ယမန်နေ့က လိန်းညားကျေးရွာအုပ်စု ဝါးပြုံကျေးရွာ ကျေးရွာပိုင်စိုက်ခင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းရီရီဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဝင်းနောင်တို့ တက်ရောက်၍ ဝါးပြုံကျေးရွာ ပြည်သူများနှင့်အတူ ကော်ဖီပျိုးပင် ၂၇၂၀ စုပေါင်း စိုက်ပျိုးကြသည်။

ထို့နောက် ဝါးပြုံးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကော်ဖီသီးနှံ စိုက်ပျိုးတောင်သူများအား ကော်ဖီသီးနှံစိုက်ပျိုးရေးနည်းပညာသင်တန်း ဆက်လက်ပြုလုပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## မိတ္ထီလာမြို့နယ်ရှိ နို့စားနွားမွေးမြူရေး လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

မိတ္ထီလာ မေ ၂၇

မိတ္ထီလာမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါးစိုက်ခင်းနှင့် သက်တန့်ရောင်စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက ကွင်းဆင်းကြည့်ရှုသည်။

စက်ပစ်တောင်ကျေးရွာ စက်ပစ်တောင်နို့စားနွားမွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် ရေဆင်း (၂)ပေါ်ဆန်းမွှေး နွေစပါးခင်းများ စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုပြီး သဲကုန်းကျေးရွာ မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ သက်တန့်ရောင်စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နို့စားနွားမွေးမြူရေးလုပ်ငန်းကို ကြည့်ရှု၍ စနစ်တကျမွေးမြူထားရှိရန် လမ်းညွှန်မှာကြားပြီး ဒိန်ချဉ်၊ ဒိန်ခဲ၊ နို့ခဲ ထုပ်ပိုးထားမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

## ပခုက္ကူမြို့နယ်၌ မိုးရာသီ သီးနှံမျိုးစေ့များ ပေးအပ်

ပခုက္ကူ မေ ၂၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီသီးနှံမျိုးစေ့များပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဦးစွာ ပခုက္ကူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းလွင်က မျိုးစေ့များပေးအပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများက မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၁ အုပ်စု၊ ကျေးရွာ ၁၃ ရွာမှတောင်သူများအတွက် စပါးမျိုးစေ့ ၁၀ တင်း၊ ချည်မျှင်ရှည်ဝါ



(အက်စစ်ချွတ်) ၂၅၁ကီလိုဂရမ်၊ ချည်မျှင်ရှည်ဝါ(အမွေးပါ)မျိုးစေ့ ၂၂၄၀ ပိဿာ၊ ပဲတီစိမ်းမျိုးစေ့တစ်တင်း၊ ပိုက်ဆံလျှော်(သစ်စိမ်း)မျိုးစေ့ ၁ ဒသမ ၅ တင်း၊ နှမ်းမျိုးစေ့သုံးတင်း၊ မြေပဲမျိုးစေ့ ၃၆တင်း၊ နေကြာမျိုးစေ့ နှစ်တင်း၊ ပဲစင်းငုံမျိုးစေ့ တစ်တင်းတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ သဘာဝဓာတ်မြေသြဇာပြုလုပ်နည်း လက်တွေ့သရုပ်ပြ

ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် တောင်သူများ ဓာတ်မြေသြဇာလျှော့ချအသုံးပြုနိုင်စေရေး မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက တောင်သူနည်းပညာပေးဆွေးနွေးပွဲနှင့် သဘာဝမြေသြဇာ



(စူပါဘိုကာရှီနှင့် ငါးအမိုင်နိုအက်စစ်)ပြုလုပ်နည်း လက်တွေ့သင်တန်း သရုပ်ပြပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သရက်ပင်ချောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်သက်ဦးနှင့် ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ယုမာအောင်တို့က စူပါဘိုကာရှီမြေဆွေးသုံးစွဲခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများနှင့် ငါးအမိုင်နိုအက်စစ်အသုံးပြုနည်းနှင့် ကောင်းကျိုးများကို တောင်သူနည်းပညာပေးဆွေးနွေးသည်။

ဆက်လက်၍ ဖွဲနု၊ ဆန်ကွဲ၊ နွားချေး၊ EM နှင့် ထရိုင်ကိုဒါးမားမှိုဆေးရည်အသုံးပြု၍ စူပါဘိုကာရှီမြေဆွေးပြုလုပ်ပုံနှင့် ငါး၊ ထန်းလျက်ရည်၊ EM နှင့် ထရိုင်ကိုဒါးမားမှိုဆေးရည်အသုံးပြု၍ ငါးအမိုင်နိုအက်စစ်နှင့် အင်ဖိုင်းအသီးအပွင့်အားဆေးရည်ပြုလုပ်နည်းတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဖြိုးစန္ဒာ(ဆိပ်ကမ်း)

## ကန်ကြီးထောင့်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

ကန်ကြီးထောင့် မေ ၂၇

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်ပွဲနှင့် သီးနှံအာမခံထားရှိခြင်းအခမ်းအနားကို မေ ၂၆ ရက်က မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဒုတိယတိုင်းဒေသကြီး မန်နေဂျာ ဦးအောင်မျိုးသန်းက ချေးငွေ



လုပ်ငန်းနှင့် ဧရာဝတီတိုင်းဒေသကြီး မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီး တာဝန်ခံ ဦးသန်းထွဋ်ဝင်းက ရာသီဥတုအညွှန်းကိန်းအခြေပြုသီးနှံအာမခံထားရှိခြင်း လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများက စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ ကျော်ဇင်စိုး(ပြန်/ဆက်)

## သထုံမြို့နယ်၌ RS မျိုးစေ့များပေးအပ်ပွဲ ပြုလုပ်

သထုံ မေ ၂၇

မွန်ပြည်နယ် သထုံမြို့နယ်တွင် မိုးစပါးရာသီ မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးမည့် အကျိုးဆောင်တောင်သူများအတွက် RS မျိုးစေ့များ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးချမ်းမုံနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်



ဒေါ်လေးမိုးသူတို့က အမှာစကားပြောကြားသည်။

ယင်းနောက် သထုံမြို့နယ်အတွင်း စံပြစိုက်ကွေ ၅၀ အတွက် ပေါ်ဆန်းယဉ်နှင့် မနောသုခ RS မျိုးသန့်မျိုးစပါး တစ်ကေလျှင် တစ်တင်းနှုန်းဖြင့် တင်းပေါင်း ၅၀ နှင့် သီဟိုဠ်မျိုးစေ့တို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တိုင်းရင်းသားရေးရာအသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်းအစီအစဉ်ဖွင့်ပွဲ ကျင်းပ



ရန်ကုန် မေ ၂၇

ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ကြီးမှူးကျင်းပသော တိုင်းရင်းသားရေးရာ အသိပညာပေးခြင်း၊ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်စီမံခြင်း အစီအစဉ်သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၆)ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ဦးနေမင်းထွန်းက အမှာစကား ပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းဝင့်က ပုံပြပုံပြင်စာအုပ် ထုတ်ဝေပေးမှုနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအကြောင်း၊ တိုင်းရင်းသားဘာသာသင် TA/LT ဆရာများ ခန့်ထားခြင်း ဆိုင်ရာတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်နေမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လုပ်ငန်းစဉ်များ၊ လူမှုဝန်ထမ်းဦးစီးဌာန၏ အမျိုးသမီးများအခွင့်အရေး၊ လူငယ်ရေးရာ မူဝါဒများ၊ လူမှုရေးပင်စင်အကြောင်း၊ သမဝါယမဦးစီးဌာန၏ နိုင်ငံ့စီးပွား မြှင့်တင်ရေး ဆောင်ရွက်ထားမှုများ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေများ အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများက တိုင်းရင်းသားဒေသများ၏ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်း ပညာလိုအပ်မှုဆန်းစစ်ချက် စစ်တမ်းမေးခွန်းလွှာ(၆၀) အား ရှင်းလင်းခြင်းနှင့် စစ်တမ်းကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး တိုင်းရင်းသား များကလည်း ပူးပေါင်းပါဝင်ဖြေဆိုခဲ့ကြသည်။

ထို့ပြင် ခြင်းရက်လုပ်ခြင်း သင်တန်းကို သင်တန်းသားကျောင်းသူ ၂၀ ဖြင့် ငါးရက်ကြာ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

# လှည်းကူးမြို့နယ်၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

လှည်းကူး မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် သက်ဆိုင်ရာဌာနများမှ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနောင်နှင့်အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးဌာနမှ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်နေမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံသားမှတ်ပုံတင်ရရှိစေရေး UID ကတ်များထုတ်ပေးနေမှု၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူအသိပညာပေးလုပ်ငန်းများ ဆောက်ရွက်နေမှု၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ကျွဲ၊ နွားများ လည်ချောင်းကွဲရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုတို့ကို ကွင်းဆင်း



ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အိရွှေစင်လတ်**



# မြင်းမူမြို့၌ အပူရှောင်စခန်းဖွင့်လှစ်ထားရှိ

မုံရွာ မေ ၂၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အပူရှောင်စခန်းများကို မြို့နယ်များအလိုက် ဖွင့်လှစ်ထားရှိလျက်ရှိရာ အပူရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်ရန်အတွက်ပါ စီမံထားရှိပြီး ဆေးရုံများတွင်လည်း အရေးပေါ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ရန် စီမံထားရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မြင်းမူမြို့ အနောက်ပိုင်းရပ်ကွက် အောင်ဇေယျရပ် ပြည်သူ့ဆေးရုံးဝင်းအတွင်းရှိ ဣဒ္ဓိဇေယျာနှစ်ထပ်သံဃာဆေးရုံ၌ ဖွင့်လှစ်ထားသည့် အပူရှောင်စခန်းသို့ အသက် (၆၅) နှစ်အထက် သက်ကြီးရွယ်အိုများအား မေ ၂၁ ရက်တွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မေ ၂၂ ရက်တွင် အမျိုးသား တစ်ဦး၊ အမျိုးသမီးတစ်ဦး၊ မေ ၂၃ ရက် တွင် အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး နံနက် ၈ နာရီမှ ညနေ ၅ နာရီခွဲအထိ လာရောက်တည်းခိုခဲ့သည်။ ၎င်းတို့အား မြို့နယ်ကျန်းမာရေးအဖွဲ့မှ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ အာဟာရမုန့်၊ Royal D၊ ဓာတ်ဆား၊ အချိုရည်နှင့် သောက်ရေသန့်များ ပေးအပ်ခဲ့သည်။

အဆိုပါ အပူရှောင်စခန်းသို့ မေ ၂၆ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြင်းမူမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သက်ကြီး အဘိုးနှစ်ဦး၊ အဘွား သုံးဦးတို့အား အားပေးစကားပြောကြားပြီး အာဟာရမုန့်၊ Royal D၊ ဓာတ်ဆား၊ အားဖြည့် အချိုရည်နှင့် သောက်ရေသန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

ပြည် မေ ၂၇

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ပြည်မြို့နယ် ဇီးအုပ်အုပ်စု ရွှေမြောင်ကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ပြည်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားပြီး ပြည်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်က စကားဝိုင်း၏ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ဦးဆောင်ဆွေးနွေးသည်။ ဆက်လက်၍ ကျေးလက်လမ်းဦးစီးဌာန၊ အသေးစားစက်မှုလက်မှုဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သမဝါယမဦးစီးဌာနနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာနတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးရာ ဒေသခံပြည်သူများက မေးမြန်းဆွေးနွေးခြင်းများနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝဏ္ဏထွန်း(ပြန်/ဆက်)**

# ဒေးဒရဲမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ဒေးဒရဲ မေ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် တညင်ကုန်းကျေးရွာရှိ ပေါ်တော်မူဘုရား တန်ဆောင်းတော်ကြီး၌ ယနေ့နံနက်ပိုင်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ခိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးမျိုးဇော်ဦးက ဦးဆောင်ဆွေးနွေးပြီး မြို့နယ်ပညာရေးမှူး ဦးထိန်လင်း၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူးအဆင့် (၁) ဦးကျော်စွာဝင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အေးအေးသန့်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဒေါ်ဆုနန္ဒာအေး၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်မျိုးဦးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**အေဇာလင်း**





# တာမွေမြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြော

တာမွေ မေ ၂၇

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ယနေ့နံနက်ပိုင်းက မူးယစ်ဆေးဖြတ်သင်တန်းသားများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဝင်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သဘာဝဘေးအန္တရာယ်အပါအဝင် အခြားအမျိုးမျိုးသော ဘေးအန္တရာယ်များ ကျရောက်လာပါက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင် (တာမွေ)**

## Starfish Myanmar Microfinance Co.,Ltd ဒါရိုက်တာအဖွဲ့အား ပြောင်းလဲဖွဲ့စည်းကြောင်း ကြေညာခြင်း

Starfish Myanmar Microfinance Co.,Ltd ၏ (၂၆-၁၂-၂၀၂၅)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အမှတ်စဉ်(03/03/DICA-001/2025) အရ Starfish Myanmar Microfinance Co.,Ltd ဒါရိုက်တာအဖွဲ့အား အောက်ဖော်ပြပါအတိုင်း ပြောင်းလဲဖွဲ့စည်းကြောင်း ကြေညာအပ်ပါသည်-

### ယခင်ဒါရိုက်တာအဖွဲ့

| စဉ် | အမည် | ရာထူး | စဉ် | အမည် | ရာထူး | စဉ် | အမည် | ရာထူး |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးသန်းထွန်းဦး | Managing Director | ၄ | ဒေါ်မြင့်မြတ်ဦး | Director | ၇ | ဒေါ်လဲ့ရည်မွန် | Secretary |
| ၂ | ဦးအောင်နိုင် | Director | ၅ | ဒေါ်ဇင်မော်ဝင်း | Director | | | |
| ၃ | ဦးဟန်ကြည်ဆွေ | Director | ၆ | ဒေါ်နှင်းအိလွင် | Chief Finance Officer | | | |

### ယခုပြောင်းလဲဖွဲ့စည်းသောဒါရိုက်တာအဖွဲ့

| စဉ် | အမည် | ရာထူး | စဉ် | အမည် | ရာထူး | စဉ် | အမည် | ရာထူး |
|---|---|---|---|---|---|---|---|---|
| ၁ | ဦးသန်းထွန်းဦး | Managing Director | ၄ | ဦးလင်းထက် | Alternate Director | ၇ | ဒေါ်နှင်းအိလွင် | Chief Finance Officer |
| ၂ | ဦးအောင်နိုင် | Director | ၅ | ဦးစိုးစိုး | Alternate Director | ၈ | ဒေါ်လဲ့ရည်မွန် | Secretary |
| ၃ | ဦးဟန်ကြည်ဆွေ | Director | ၆ | ဒေါ်ဇင်မော်ဝင်း | Director | | | |

**ဘုတ်အဖွဲ့၏ဆုံးဖြတ်ချက်အရ**
**ဦးသန်းထွန်းဦး**
**Managing Director**
**Starfish Myanmar Microfinance Company Limited**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် (၄၆)၊ မြေကွက်အမှတ်(၆၂၂/၆၂၃(ခ))၊ ဦးကျော်ဒင်အမည်ပေါက် ဂရန်မြေ အကျယ်အဝန်း (၆၇x၆၀)ပေ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၁) ဒေါ်ဥမ္မာကျော်၊ (၂)ဒေါ်ကေသီကျော်၊ (၃) ဦးရဲဝင်းကျော်၊ (၄) ဦးနေဝင်းကျော်၊ (၅) ဦးဉာဏ်ဝင်းကျော်တို့မှ လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်လင်း မှတ်ပုံတင်အမှတ် [၅/ဆလက(နိုင်)၀၅၉၆၄၁]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးရဲမွန်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၉၇၃၅)**
**အကွက်(၄၁၄)၊ ၄၁/၄၂ လမ်းကြား၊ ၈၈(အေ)လမ်း၊ သံလျက်မှော်အရှေ့ ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း- ၀၉-၂၀၃၇၅၁၆၊ ၀၉-၄၃၁၀၈၀၃၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဈေးကုန်း(အနောက်) ရပ်ကွက်၊ မျိုးချစ်လမ်း၊ အမှတ်(၁၉၄)ဟု ခေါ်တွင်သော အလျား(၂၀)ပေx အနံ(၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ဆိုင်လက်ဝယ်ရှိသူ ဦးမြဝင်း(ခ)ချင်ဟွန်[၁၂/အစန(ဧည့်)၀၀၀၀၃၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ယင်းမြေကွက်နှင့် အဆောက်အဦအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မူရင်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စန်းတင့် B.A(Law) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၂၀၂၀)**
**အမှတ်- ၅၈၈၊ ယုဇနလမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၅၀၉၉၆၃၇**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ နီလာလမ်း၊ အမှတ်(၃)နေ ဦးမျိုးအောင် [၁၂/ဗဟန(နိုင်) ၀၆၅၈၈၉]၏ သားဖြစ်သူ မောင်မျိုးဝင်းဇော် [၁၂/ဗဟန(နိုင်) ၀၁၆၄၉၀]သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိစိတ်ထင်ရာလုပ်ကိုင်၍ မိဘများကို ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားဖြစ်သူ မောင်မျိုးဝင်းဇော်အား အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင်ဖြစ်သူဦးမျိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသကြိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၄၄)**
**ဖုန်း- ၀၉-၄၂၇၄၁၁၁၄၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/ပေဖူးရပ်) ဦးပိုင်အမှတ်(၃၃)၊ မြေဧရိယာ (၀.၂၅၁)ဧကရှိ အစိုးရမြို့မြေကွက်အား ဦးရွှေသီး(ဘ) ဦးအုန်းမောင်[၉/လဝန(နိုင်) ၀၁၃၂၅၆]မှ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ၊ ကိုယ်တိုင် ကတိဝန်ခံချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၈၅၊ မြေကွက်အမှတ်-၄၄၄၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးဝင်း အမည်ဖြင့်ထွက်ရှိထားသော ပါမစ်မူရင်း၊ ဧရိယာ(၄၀x၆၀)ပေ မြေကွက်အတွင်းမှ တရားဝင်ခွဲစိတ်ရခြင်း မရှိသေးသော မြေကွက်အမှတ်( ၄၄၅)နှင့်ကပ်လျက်ဘက်အခြမ်း (အလျား၂၀ပေx အနံ ၆၀ပေ) ပါမစ်မြေကွက်နှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အားလုံးကို ဦးစန်းမြင့်ဦး [၉/ညဥန(နိုင်)၁၄၆၈၆၇]က လက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်း [၁၂/စခန(နိုင်)၀၄၇၂၅၀]က ဝယ်ယူရန်အတွက်ယုံကြည်စွာ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထူးသဉ္ဇာဦး(LLB, CBL, DBL)(DL-101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၈၃)**
**အမှတ်- ၃၂၀၊ ဘုရင့်နောင်လမ်း၊ ၃၁-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၀၄၄၁၀၀၇၀၊ ၀၉-၇၈၇၀၈၀၃၃၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ **ဦးမြင့်သိန်း၊** နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် [၁၂/ရကန (နိုင်) ၀၅၈၁၅၅]ကို ကိုင်ဆောင်ထားသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၇/အရှေ့)ရပ်ကွက်၊ ရှုခင်းသာလမ်း၊ အမှတ်(၄၀၈/က)တွင် နေထိုင်သူ ဒေါ်ထွန်းထွန်းနု၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၁၄/ဟသတ(နိုင်) ၀၁၀၀၆၃]ကို ကိုင်ဆောင်ထားသူက ကျွန်ုပ်၏မိတ်ဆွေအား ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်( ၁၀ )ရပ်ကွက်၊ ပါရမီလမ်း၊ ချော်တွင်းကုန်း၊ တိုက်အမှတ်(၄/က$^{2}$)၊ အခန်းအမှတ်(C-4)၊ (၄/လွှာ)ဟုခေါ်တွင်သော တိုက်ခန်းကို ယင်းတိုက်ခန်း၏မူလပိုင်ရှင်ဖြစ်သူ ဦးလှိုင်မြင့်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၃/တခလ(နိုင်) ၀၀၄၂၄၆]ကို ကိုင်ဆောင်ထားသူထံမှ (၂၆-၁-၂၀၀၉)နေ့စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်း၊ ထို့ကြောင့်ယင်းတိုက်ခန်း၏ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အရှုပ်အရှင်းပြဿနာလုံးဝကင်းရှင်းကြောင်း၊ တာဝန်ယူတာဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေအား ရောင်းချလိုကြောင်း စကားကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဒေါ်ထွန်းထွန်းနု၏ တာဝန်ယူတာဝန်ခံမှုများကို သဘောရိုးဖြင့် ယုံကြည်သဖြင့် ယင်းတိုက်ခန်းကိုဝယ်ယူရန် **ဒေါ်ထွန်းထွန်းနု**၏ လက်ဝယ်သို့ စရန်ငွေအဖြစ် တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများကို ယူဆောင်၍ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ရက်ကျော်လွန်၍ လာရောက်တင်ပြကန့်ကွက်ခြင်း လုံးဝမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်နှင့် သက်ဆိုင်သူများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးထင်ကျော် B.Sc, H.G.P, R.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၅၃၁၅) / (၂၉-၆-၁၉၉၀)**
**အမှတ်- ၁၃၈၊ ပထမထပ်၊ ၃၂ လမ်း(လယ်)၊ ပန်းဘဲတန်းမြို့နယ်။ 09-5186021**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်စိန်[၁၂/ရကန(နိုင်)၀၄၀၁၀၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ -

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်စိန် [၁၂/ရကန(နိုင်) ၀၄၀၁၀၉]နှင့် ကွယ်လွန်သူ (ဒေါ်လှလှဝင်း)၏ သားဖြစ်သူ ဦးကိုကိုနိုင်[၁၂/ရကန(နိုင်)၀၆၁၈၅၀] သည် မိဘ၏ ပြောဆိုဆုံးမမှုများကို မနာခံဘဲ ဖခင်ဖြစ်သူအား ကိုယ်စိတ်နှလုံး ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ မိဘများ၏ဂုဏ်သိက္ခာကိုကျဆင်းအောင် ပြုလုပ်ခြင်း၊ မိဘအပေါ် အမြဲအသက်အန္တရာယ်ထိခိုက်အောင်ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ဦးကိုကိုနိုင် [၁၂/ရကန(နိုင်) ၀၆၁၈၅၀]နှင့် ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်အေးအေးမော်(စဉ်- ၇၆၀၇)** **(LL.B, D.B.L)** | **ဒေါ်သူသူမင်း(စဉ်- ၁၂၉၆၅)** **(LL.B, D.B.L)** |
| **ဒေါ်ခင်မို့မို့ထွန်း(စဉ်- ၁၅၉၉၄)** **(LL.B)** | **ဒေါ်မာလာသန်းမြင့်(စဉ်- ၁၈၂၅၅)** **(LL.B)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် (၄၉)၊ အခန်း (၅+၆)၊ လမ်း(၄၀)အောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၉၈၂၅၄၇၆၈၊ ၀၉-၄၂၀၁၇၅၇၃၈**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ N.M.T ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်ကောင်းပြည့်စုံထက်နှင့် မခိုင်ဖူးစုံထက်တို့၏ ဖခင်အမည်မှန်မှာ ဦးမြတ်ရွှေဝင်း [၁၂/တကန (နိုင်) ၁၃၂၆၅၅] ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဗ-၆)၊ ဦးပိုင်အမှတ် (၄၁-က)၊ ၁၁၄x၁၁၅ လမ်းကြား၊ ၅၈x၅၉ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးစိုးနိုင် ကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်လှိုင် [၉/မနမ (နိုင်) ၀၅၃၄၁၂]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၃)၊ ဦးပိုင်အမှတ် (၂၁)၊ ၆၂x၆၃ လမ်းကြား၊ ၁၂၅x၁၂၆ လမ်းကြားရှိ ဦးစိန်ဘ အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးစိန်ဘ၊ မိခင် ဒေါ်စိန်မြင့်၊ သား ဦးထွေးမောင်တို့ ကွယ်လွန်၍ ကျန်ရစ်သူ သမီးနှင့် ချွေးမတို့ဖြစ်ကြသော ဒေါ်နွဲ့ [၉/မရမ (နိုင်) ၀၂၉၀၃၉]၊ ဒေါ်ခင်စန်းဝေ [၉/မရမ(နိုင်)၀၄၂၁၂၂]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ် (၇၁၀)၊ ဦးပိုင်အမှတ် (၄၂-C)၊ ၃၂ လမ်း၊ ၇၄x၇၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဒေါ်အုန်းကြည်၊ ဒေါ်မေတို့ (၂)ဦး အနက် အစ်မဖြစ်သူ ဒေါ်အုန်းကြည် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၄၇၀/၂၀၀၈)ဖြင့် အမွေဆက်ခံသော ညီမဖြစ်သူ ဒေါ်မေထံမှ အမွေဆက်ခံစာချုပ်အမှတ် (၁၄၁၇/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်ခင်လေးတင်၊ ဒေါ်ခင်လေးရင်၊ ဒေါ်ခင်လေးနုတို့၏ (SP ရရှိသူ ဦးအောင်ကျော်ဆွေ)ထံမှအရောင်းအဝယ်စာချုပ်အမှတ် (၂၉၀၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝါဝါမိုလ် [၅/ကလထ (နိုင်) ၁၀၉၃၂၉]က အမှုတွဲအမှတ် (၀၂၄၉/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူခြင်းနှင့် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနတို့တွင် လိုအပ်သည့် ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ ရုံးသုံးပရိဘောဂပစ္စည်းများဝယ်ယူရန်နှင့် တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| | | | |
|---|---|---|---|
| (က) | Lot-01 | - | ရုံးသုံးစက်ကိရိယာပစ္စည်းများ |
| (ခ) | Lot-02 | - | ရုံးသုံးပရိဘောဂပစ္စည်းများ |
| (ဂ) | Lot-03 | - | ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ |

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံစတင် ရောင်းချမည့်ရက် | - | ၂၉-၅-၂၀၂၆ ရက်မှ ၁၀-၆-၂၀၂၆ ရက်အထိ ၉:၃၀ နာရီ မှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း) |
| ၃။ | တင်ဒါလျှောက်လွှာ လက်ခံမည့်ရက် | - | (၂၉-၅-၂၀၂၆ ရက်မှ ၁၀-၆-၂၀၂၆ ရက်အထိ ၉:၃၀ နာရီ မှ ၁၆:၀၀ နာရီ (ရုံးချိန်အတွင်း) |

၄။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူ တင်ပြရမည်။ တင်ဒါလျှောက်လွှာပုံစံများကို ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ လာရောက် ဝယ်ယူ / တင်သွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါ စည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူသည့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၃၄၀၉၄၉၇၊ ၀၆၇-၃၄၀၉၅၅၀ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးနှင့်လက်ခံရေးကော်မတီ**
**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်- သကမ(၅)၊ အမှတ်(၉)ရပ်ကွက်၊ ပတ္တမြားရတနာ (၁)လမ်း၊ မြေကွက်အမှတ်(၅၆၉/ခ)၊ ဒေါ်သိန်းရင် အမည်ပေါက် ပါမစ်မြေအကျယ်အဝန်း (၂၀x၆၀)ပေ မြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်အေးမြင့်စိန် မှတ်ပုံတင်အမှတ်[၁၄/ဘကလ(နိုင်) ၀၃၃၂၃၀]မှ လက်ရှိ ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးတင်ဝင်း မှတ်ပုံတင်အမှတ်[၁၄/လပတ(နိုင်)၁၀၈၇၀၅]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သဉ္ဇာထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၂၄၀)**
**တိုက်(၆၄)၊ အခန်း(၁၀၃)၊ စကားဝါလမ်း၊ ကျန်စစ်သားအိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၂၅၀၃၆၃၈၅၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၅)လမ်း၊ တိုက်အမှတ်-၅၀၈၊ ၆-လွှာ(ခေါင်းရင်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလို ကြောင်း ဒေါ်ရီရီဝင်း [၁၂/လကန(နိုင်)၀၀၂၁၈၄]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လင်းဗိုလ် [၁၂/ကမန(နိုင်)၁၀၆၁၁၄]နှင့် ဒေါ်နှင်းဝတ်ရည် [၁၂/ဥကတ(နိုင်) ၁၈၀၇၆၄]တို့က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်လင်းဗိုလ်နှင့် ဒေါ်နှင်းဝတ်ရည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂ (မြေညီ)၊ ကျော်သူ (၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဝါးနက်ကုန်းကျေးရွာအုပ်စု၊ အနောက်စုကျေးရွာ၊ ဝါးနက်ကုန်း - အနောက်စု ရွာချင်းဆက်လမ်း၊ ကွင်းအမှတ် (၉၉၆-ခ)၊ ပဲနန်းတုပ်ကွင်း၊ ဦးပိုင်အမှတ်(၄၄) ဒေါ်တင်စန်း အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိသော ဧရိယာ(၁.၁၅)ဧကနှင့် ကွင်းအမှတ် (၉၉၃)၊ ဝါးနက်ကုန်းမြောက်ကွင်း၊ ဦးပိုင်အမှတ် (၁၇)၊ ဒေါ်လှမေ အမည်ဖြင့် မြေခွန်ပြေစာထွက်ရှိသော ဧရိယာ(၁.၃၈)ဧကနှင့် မြေပိုအပါ စုစုပေါင်း (၂.၉၂)ဧကရှိ မြေကွက်နှင့် ယင်းမြေရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမောင်မြိုင် (ဘ)ဦးထွန်းလှိုင် [၁၂/လကန (နိုင်) ၀၄၈၂၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစည်သူအောင် [၇/ပတန(နိုင်) ၁၁၉၈၃၆]က အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစည်သူအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဆွေဇင်ဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၀၂၄)**
**(၁/ရ- ၅ လမ်း)၊ မေဃဝတီတိုးချဲ့၊ သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း- ၀၉- ၄၂၀၃၀၆၈၇**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၆-၂၀၂၇)ခု၊ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများအတွက် လိုအပ်သော ဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန် တင်ဒါအမှတ်-5DMS/ 2026-2027(L) ဖြင့် တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် | - (၂၉-၅-၂၀၂၆) ရက်၊ သောကြာနေ့ |
| ဈေးနှုန်းတင်သွင်းလွှာပုံစံများ ရောင်းချမည့်နေရာ | - ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - (၁၂-၆-၂၀၂၆) ရက်၊ မွန်းတည့် (၁၂: ၀၀) နာရီ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | - ၀၆၇-၃၄၁၁၆၃၅၊ ၀၆၇-၃၄၁၁၅၄၄ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ အမှတ်(၁၅၄)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆ ထပ်တိုက်)အဆောက်အဦ၏ ပထမထပ်၊ ၂-လွှာ (တိုက်အားမျက်နှာမူလျှင် လက်ယာဘက်အခန်း)၊ အကျယ်အဝန်း (အလျား ၁၇.၅ ပေ x အနံ ၅၁ ပေ)ရှိ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိသဉ္ဇာကျော် [၁၂/ဗတထ (နိုင်)၀၄၂၄၇၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းဝင်း[၁၂/ဗတထ(နိုင်)၀၃၀၈၆၀]နှင့် ဒေါ်နှင်းနှင်းအေး[၁၂/ဗတထ(နိုင်)၀၃၅၉၇၀]တို့သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၅-၅-၂၀၂၆)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးချစ် (LL.B)** **ဒေါ်သက်ဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၇၄)** **အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆)**
**တိုက်(B-8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-778849700, 09-773562082**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ကုန်းဘောင် (၁၅) လမ်း၊ အမှတ်-၁၂၀၁ ဟု ခေါ်တွင်သော အိမ်မြေအရောင်း အဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ လူနေရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ်-၁၂၀၁၊ (အလျား-၄၀ ပေ x အနံ-၆၀ ပေ)၊ ဧရိယာ (၂၄၀၀ စတုရန်းပေ) အကျယ်ရှိ နှစ် (၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက် ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်လက်ရှိပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်ခိုင် [၁၂/ဒဂတ(နိုင်)၀၁၄၆၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၀၂)**
**Brilliance Mansion Condo, R(1), အခန်းအမှတ်-၁၀၆၊**
**မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ၆-ရပ်ကွက်၊ သုမင်္ဂလာလမ်းနေ ဦးကျော်ကျော်လွင် (ဘ) ဦးအုပ် [၁၂/ဥကတ(နိုင်) ၁၃၅၆၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်လွင်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆)ရပ်ကွက်၊ လူနေရပ်ကွက်အမှတ်(၆)၊ သုမင်္ဂလာလမ်း၊ မြေကွက်အမှတ်-၁၁၄၁(က) ဟုခေါ်တွင်သော မြေကွက်ဧရိယာ ၁၂၀၀ စတုရန်းပေ၊ အလျား (၆၀)ပေ x အနံ (၂၀)ပေ ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၆) ရပ်ကွက်၊ လူနေရပ်ကွက်အမှတ် (၆) သုမင်္ဂလာလမ်း မြေကွက်အမှတ်-၁၁၄၁(ခ) ဟုခေါ်တွင်သော မြေကွက်ဧရိယာ ၁၂၀၀ စတုရန်းပေ အလျား (၆၀)ပေ x အနံ(၂၀) ပေ ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အစ်မဖြစ်သူ ဒေါ်စန်းစန်းဝေ မှတ်ပုံတင်အမှတ် [၁၂/ဥကတ(နိုင်)၀၅၆၈၆၈] ၏အမည်ဖြင့် အမည်ပေါက်လျက်ရှိပြီး ယင်းမြေတစ်ကွက်စီပေါ်တွင် လူနေအိမ်တစ်လုံးစီ ဆောက်လုပ်ထားပါသည်။ အစ်မဖြစ်သူ ဒေါ်စန်းစန်းဝေသည် ၁၉ -၄-၂၀၂၆ ရက်နေ့တွင် ကွယ်လွန်သွားပြီဖြစ်သဖြင့် ကျွန်ုပ်၏မိတ်ဆွေနှင့် ၎င်း၏အစ်ကိုများဖြစ်သော ဦးမြင့်သောင်း (ခေတ္တ-စင်ကာပူ)၊ ဦးမြင့်စိုး၊ ဦးဝင်းမြင့်တို့မှာ တရားဝင်အမွေဆက်ခံခွင့်ရှိပြီး အထက်ဖော်ပြပါအိမ်များနှင့် မြေများမှာအမွေဆိုင်ပစ္စည်းဖြစ်၍လည်းကောင်း၊ တရားဝင်ခွဲဝေယူရခြင်း မရှိသေး၍လည်းကောင်း၊ အဆိုပါအိမ်များနှင့်မြေများအား ကျွန်ုပ်၏မိတ်ဆွေ မသိဘဲ အခြားသူများအား ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အမည်ပြောင်းခြင်းတို့ မပြုလုပ်ရန်၊ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၆/၁၆-၅-၂၀၁၇)**
**မ/၃၀၊ မရမ်းကုန်း(၃)လမ်း၊ ဈေးသစ်ရပ်ကွက်၊ တွံတေးမြို့။**
**Ph:420154571**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ကျိုက်စကောကျေးရွာ၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ၂၀၂၅-၂၀၂၆ပညာ သင်နှစ် Grade-6 အောင်မြင်ပြီးသော မောင်ခန့်တည်ကြည်၏ ဖခင်အမည်မှန်မှာ ဦးလှဦး [၇/ဒဥန(နိုင်)၁၂၁၆၉၄]နှင့် မိခင်အမည်မှန်မှာ ဒေါ်စုစုလှိုင် [၁၂/ထတပ(နိုင်) ၁၅၄၉၉၅] ဖြစ်ပါကြောင်း။

**လှဦး-စုစုလှိုင်**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၉၈၈/ခ)၊ ဇဋိလလမ်း၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ **ဦးသိန်းဝင်း** (TKA-၀၈၉၁၄၇) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးဇော်မင်းသန့်**[၁၄/ဖပန(နိုင်)၀၉၉၁၅၄]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်စန်းစန်းနွယ်**[၁၂/တမန(နိုင်)၁၁၂၅၇၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို(LL.B)** **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၂၉၂)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/ စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ် (၉/ဘီ)ဟုခေါ်တွင်သော နေအိမ်နှင့်တကွ ယင်းနေအိမ်တည်ရှိရာ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇/သမိုင်း ၊ မြေကွက်အမှတ်-၂/ဃ-၂/၂/B၊ ဧရိယာ(၀.၁၁၈)ဧကရှိ B-မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ များဖြစ်သော ဦးမြင့်ငြိမ်း [၁၂/ဒဂန(နိုင်)၀၂၂၄၈]+၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ပေးကတိစာချုပ် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆိုခိုင်လုံသော အထောက် အထားများဖြင့်ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၁၄)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၆၉၂၂၉၉၅၆၃၊ ၀၉-၄၂၈၆၃၀၇၀၄**

## အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ ၆၆-ရပ်ကွက်၊ ဂျိုးဖြူလမ်း၊ ရွှေအင်းဝအိမ်ရာ၊ တိုက်အမှတ်(၁၉၉)၊ အမှတ်-၁(ဃ)၊ မြေညီထပ်တွင်တည်ရှိသော "LILY MAY COMPANY LIMITED"၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၄၁၆၆၆၉၉၁ သည် လက်ရှိတွင် ခရီးလှည့်လည် ရေးလုပ်ငန်းလုပ်ကိုင်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုပေးထားသော ပြည်တွင်း/ပြည်ဝင်ခရီးစဉ် (Inbound Tour License) နှင့် ပြည်ပခရီးစဉ် (Outbound Tour License) ရရှိထားသော ကုမ္ပဏီဖြစ်ပါသည်။ ထို့အပြင် "T for Travel" ၏ Social Media Page သည်လည်း အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ် (Online Sales Registration Certificate)ကို ရရှိထားပြီး အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခဲ့ရာ မူပိုင်ခွင့်ဦးစီးဌာနမှ Application Number "T/2026/002009" ဖြင့် လျှောက်ထားချက်အား လက်ခံထားပြီးသည့် အမှတ်တံဆိပ်၏ မူပိုင်ရှင်ဖြစ်ပါသည်-

**T/2026/002009**

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမှတ်အသားဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားလာရေးဝန်ဆောင်မှုလုပ်ငန်း (Inbound & Outbound Travel and Tour Services) များကို တရားဝင် ဝန်ဆောင်မှုပေးလျက်ရှိပြီး ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းစဉ်များ၊ ကြော်ငြာစာစောင်များ၊ ခရီးသွားလက်မှတ်များနှင့် အခြားသောခရီးသွားလာရေးဝန်ဆောင်မှုဆိုင်ရာနှင့် ဆက်စပ်နေသည့် ကိစ္စရပ်များတွင် အထက်ဖော်ပြပါအမှတ်တံဆိပ်အား မူရင်းပုံစံအတိုင်းဖြစ်စေ၊ လုပ်ငန်းအသုံးပြုမှုနှင့် ကိုက်ညီစေရန် အရောင်အသွေးပြောင်းလဲ၍ဖြစ်စေ အသုံးပြုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း၊ အမည်စာသား ပုံစံတူပြုလုပ် ခြင်း၊ နာမည်တူ/လုပ်ငန်းတူလုပ်ကိုင်ခြင်း၊ တစ်နည်းအားဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်/မဆောင်ရွက်ပါရန် အသိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Lily May Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သင်းလဲ့ရည်ထွန်း (LL.B,LLM,DBL)** | **ဒေါ်ခိုင်ကြည် (LL.B, LL.M, DIPL)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၉၁၆၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၃၈၁)** |
| **အမှတ် (၅၈)၊ (၁) ရပ်ကွက်၊ ရတနာလမ်း၊** | **အမှတ် (၈၀/ခ)၊ ၄/မြောက်ရပ်ကွက်၊** |
| **ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊** | **အောင်ရတနာလမ်း၊** |
| **ဖုန်း-၀၉-၄၀၀၅၃၄၀၀၇** | **သာကေတမြို့နယ်၊ ရန်ကုန်။** |
| | **ဖုန်း-၀၉-၄၃၀၉၆၃၀၉** |

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အမှတ်(၅) မူလတန်း(လွန်) ကျောင်း Grade(3) မှ မသွန်းပန်းချီဦး၏ ဖခင်အမည်မှန်မှာ စောထွန်းလှိုင်ဦး [၃/ကဆက(နိုင်)၁၂၁၆၂၅] ဖြစ်ပါကြောင်း။

**စောထွန်းလှိုင်ဦး**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အ.ထ.က (၂) Grade-7 မှ မနန်းနန်းမိုး၏ မိဘအမည်မှန်မှာ ဦးစိုးမင်းအောင် [၁၀/မဒန(နိုင်)၁၂၄၇၆၂] နှင့် ဒေါ်ခင်ဆန်းဦး [၁၀/ရမန(နိုင်)၂၁၄၇၉၃] ဖြစ်ပါကြောင်း။

**ဦးစိုးမင်းအောင်၊**
**ဒေါ်ခင်ဆန်းဦး**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထာဝရကိုယ်ပိုင်အထက်တန်းကျောင်း (Grade-7) မှ မချောစုပန်၏ ဖခင် အမည်မှန်မှာ ဦးစွန် [၁၀/ရမန(နိုင်)၁၆၁၄၉၂] ဖြစ်ပါကြောင်း။

**ဦးစွန်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ နတ်ရေကန်(၂)လမ်း၊ မြေကွက်အမှတ်(၈၄၅)၊ မြေအကျယ်အဝန်း(၄၁ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၆)ဧက၊ (၂၄၆၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်သက်သက်အုန်း [၇/ညလပ(နိုင်)၀၉၂၅၁၁]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမင်းသူ[၁၂/မဂဒ(နိုင်)၁၄၃၂၃၁]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမင်းသူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌွေး(ခ)ဒေါ်သန်းသန်းဌွေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(တ/၇)၊ မြေအကျယ် အဝန်း(၄၀ပေx၁၀၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးစိုင်းလုံဝေ[၁၃/တကန(နိုင်)၁၂၃၁၅]အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်ပိုးမြင့်(ခ)ဒေါ်စန်းစန်း[၁၂/လသန(နိုင်)၀၀၉၈၁၀]သည် နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်" များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးမိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နန်းရွှေဟန် [၁၃/သနန(နိုင်)၀၃၁၃၉၅]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းရွှေဟန်က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌွေး(ခ)ဒေါ်သန်းသန်းဌွေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ ဗိုလ်မိုး(၃)လမ်း၊ မြေကွက်အမှတ်(၈၉၇)၊ မြေအကျယ်အဝန်း(၂၆ပေx၆၀ပေ)၊ ဧရိယာ(၀.၀၃၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးအောင်သိန်း[၁၃/ကလန(နိုင်)၀၀၁၆၇၉]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကွယ်လွန်၍ အမွေဆက်ခံခွင့်ရှိသော သားသမီးများ ဖြစ်ကြသော ၁။ ဦးသန့်စင်အောင်[၁၃/ကလန(နိုင်)၀၀၁၆၈၀]၊ ၂။ ဒေါ်စန်းစန်းအောင်[၁၂/လမန(နိုင်)၀၂၆၉၀၁]၊ ၃။ ဦးကျော်စောအောင်[၁၃/ကလန(နိုင်)၀၀၁၆၈၁]တို့မှ အမွေဆက်ခံပိုင်ဆိုင်ထားပြီး မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်ဝင်း[၁၂/ဥကတ(နိုင်)၀၃၃၈၃၆]ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ဝင်းက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌွေး(ခ)ဒေါ်သန်းသန်းဌွေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(တ/၆)၊ မြေအကျယ်အဝန်း(၄၀ပေx၁၀၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးဝင်းအောင်[၁၃/သပန(နိုင်)၀၅၄၁၀၃]အမည်ဖြင့် အမည်ပေါက် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်ပိုးမြင့်(ခ)ဒေါ်စန်းစန်း[၁၂/လသန(နိုင်)၀၀၉၈၁၀] သည် နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နန်းရွှေဟန် [၁၃/သနန(နိုင်)၀၃၁၃၉၅] ထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းရွှေဟန်က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်သန်းဌွေး(ခ)ဒေါ်သန်းသန်းဌွေး (LL.B)** | **ဒေါ်ပန်းသဇင်ကျော်(LL.B)** |
| **(စဉ်-၁၁၄၀၆)** | **(စဉ်-၅၆၆၆၂)** | **(စဉ်-၅၆၈၂၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၃၁၁၄၆၅၄**

❖ နိုင်ငံတော် ရှေ့သီးဖို့

ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့

ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့

သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။


## အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အကြံပြုချက်များ ဖိတ်ခေါ်ခြင်း

အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းအား ပြည်သူများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ယင်းဥပဒေကြမ်းအား တတိယအကြိမ် လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင် ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အကြံပြုချက်များပေးပို့လိုပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နောက်ဆုံးထား၍ အောက်ပါလိပ်စာများသို့ လိပ်မူပေးပို့နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည် -

(၁) ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုလွှတ်တော်ရုံး
နေပြည်တော်

(၂) ညွှန်ကြားရေးမှူးချုပ်
ပြည်သူ့လွှတ်တော်ရုံး
နေပြည်တော်

(၃) ညွှန်ကြားရေးမှူးချုပ်
အမျိုးသားလွှတ်တော်ရုံး
နေပြည်တော်

# နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၇

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးအတွက် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ဒေသတစ်ဝိုက်၌ နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ၎င်းတို့၏နေ့စဉ်လူမှုစီးပွားဘဝများတွင် စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❁

ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။






ပြီးခဲ့သည့်ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ချန်ပီယံဆုအဆုံးအဖြတ်ပွဲတွင် ရှောဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## လာမည့်ရာသီ မြန်မာအမျိုးသမီးလိဂ်တွင် အသင်းသစ်အချို့ ထပ်တိုးမည်

ရန်ကုန် မေ ၂၇

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းသစ်အချို့ ထပ်တိုးလာမည်ဖြစ်ပြီး ရတနာပုံအသင်းမှာမူ အမျိုးသမီးအသင်းဖွဲ့စည်းကာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း တရားဝင်သတင်းထုတ်ပြန်ထားသည်။

လာမည့်ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းသစ်တစ်သင်းမှ နှစ်သင်းအထိ တိုးလာဖွယ်ရှိနေပြီး ရတနာပုံအသင်းမှာမူ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ထုတ်ပြန်ထားပြီးဖြစ်သည်။ ပြီးခဲ့သည့်ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အသင်းကိုးသင်းယှဉ်ပြိုင်ခဲ့ပြီး စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❂

## ONE Friday Fights 157 & The Inner Circle ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စောမင်းမင်း တွဲဆိုင်း ပါဝင်မည်

ရန်ကုန် မေ ၂၇

ONE Friday Fights 156 & The Inner Circle ပြိုင်ပွဲကို ဇွန် ၅ ရက်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည်ဖြစ်ပြီး မြန်မာဖိုက်တာ စောမင်းမင်း တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

စောမင်းမင်းသည် ထိုင်းဖိုက်တာ ယော့လက်ခ်ပတ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်ပြီး ONE နှင့် ခြောက်ပွဲမြောက် ထိုးသတ်ရခြင်းဖြစ်သည်။ စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ✤

## ယနေ့ မိုးလေဝသ (၂၈-၅-၂၀၂၆)

**နေပြည်တော်နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်**

နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။
ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ယနေ့ ဖတ်စရာ


ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဝက်သက်ရောဂါကူးစက်မှုကြောင့် ကလေးငယ် ၉၉ ဦး သေဆုံး
စာမျက်နှာ » ၁၃

ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် လေးထပ်လူနေအဆောက်အအုံ သုံးလုံးအား စနစ်တကျထပ်မံဖြိုချဖျက်ဆီး
စာမျက်နှာ » ၁၅